# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၀၈၅)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများက ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မိတ်သဟာယမိတ်ဆုံစားပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ စိန့်မေရီကာသီဒြယ်ကက်သလစ်ဘုရားကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❊



# ရာသီတုပ်ကွေးကူးစက်မှုမှ ကြိုတင်ကာကွယ်ဆင်ခြင်နေထိုင်

ဆောင်းရာသီ အပူချိန်ကျဆင်းပြီး အေးမြသည့်ကာလတွင် ကူးစက်ဖြစ်ပွားတတ်သည့် ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူလူထုသိရှိလိုက်နာဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာလ ၂၂ ရက်တွင် သတင်းထုတ်ပြန်ကြေညာထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဒီဇင်ဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုအစီရင်ခံစာတွင်ပါရှိသည့် ရာသီတုပ်ကွေးရောဂါပိုး Influenza A(H3N2) Subclade K နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် မတွေ့ရှိသေးကြောင်းနှင့် တွေ့ရှိလာလျှင်လည်း အထူးစိုးရိမ်ရန်မလိုကြောင်း အဆိုပါသတင်းထုတ်ပြန်ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ရာသီတုပ်ကွေးရောဂါပိုး H3N2 ဗိုင်းရပ်စ်ကူးစက်မှုသည် နှစ်စဉ် မုတ်သုံရာသီနှင့် ဆောင်းရာသီတို့တွင် ပုံမှန်အားဖြင့် မြင့်တက်နေကျဖြစ်သည်။ မိုးရာသီတွင် စိုထိုင်းဆမြင့်မားမှုနှင့် မိသားစုဝင်များ အိမ်တွင်းထိတွေ့မှုများခြင်းတို့က ရောဂါပျံ့နှံ့မှုကို အားပေးသည်။ ဆောင်းရာသီတွင် အပူချိန်ကျဆင်း အေးမြခြင်းကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ခုခံအားကို ကျဆင်းအားနည်းစေကာ ဗိုင်းရပ်စ်ကူးစက်မှု လွယ်ကူစေသည်။ ဗိုင်းရပ်စ်၏သဘာဝအရ ရာသီတိုင်းတွင် အနည်းငယ်ပြောင်းလဲတတ်ခြင်းကြောင့် ပြီးခဲ့သည့်နှစ်က တုပ်ကွေးဖြစ်ဖူးသူသည် ယခုနှစ်တွင်လည်း ကူးစက်နိုင်ခြေ ရှိသည်သာဖြစ်သည်။

ရာသီတုပ်ကွေး H3N2 Influenza A ကူးစက်ခံရပါ အဖျားကြီးခြင်း၊ ခန္ဓာကိုယ်ပြင်းထန်စွာကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ နှာရည်ယို/နှာပိတ်ခြင်း၊ ဆက်တိုက်ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း၊ အားနည်းခြင်း/နွမ်းနယ်ခြင်း၊ အစာမစားချင်ခြင်း လက္ခဏာများကို အများဆုံးတွေ့ရပြီး သာမန်အအေးမိခြင်းထက် ပြင်းထန်သည်။ ရာသီတုပ်ကွေး H3N2 သည် သာမန်အအေးမိဖျားနာခြင်းနှင့် နှိုင်းယှဉ်ပါက နေကောင်းနေသည့်အခြေအနေမှ ရုတ်တရက် စတင်ဖျားနာလာပြီး အဖျားသိသာစွာမြင့်တက်လာခြင်း၊ ခန္ဓာကိုယ်နာကျင်ကိုက်ခဲမှု၊ ပင်ပန်းနွမ်းနယ်မှုတို့ပြင်းထန်ခြင်း၊ ချောင်းဆိုးပိုကြာခြင်း စသည့်ကွာခြားချက်များ တွေ့ရှိနိုင်သည်။

H3N2 Influenza A Virus သည် လေထုမှတစ်ဆင့် ကူးစက်နိုင်သည်။ ရောဂါပိုးရှိနေသူ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ စကားပြောဆိုခြင်း၊ အသက်ပြင်းပြင်းရှူခြင်းတို့မှ ထွက်လာသည့် အသက်ရှူလမ်းကြောင်းမှ အမှုန်အမွှားများသည် လေထုထဲသို့ ရောက်ရှိသွားပြီး အခြားသူတစ်ဦး၏ နှာခေါင်း၊ ပါးစပ်၊ မျက်လုံးတို့မှတစ်ဆင့် ဝင်ရောက်ကူးစက်နိုင်သည်။ ထို့အပြင် မျက်နှာပြင်များမှလည်း ကူးစက်နိုင်ရာ ရာသီတုပ်ကွေးရောဂါပိုးများ တစ်နည်းနည်းဖြင့် ကျရောက်ပေကျံနေသည့် လှေကားလက်ရန်း၊ တံခါးလက်ကိုင်၊ စားပွဲမျက်နှာပြင်များ၊ ကွန်ပျူတာခလုတ်၊ ဖုန်းမျက်နှာပြင်စသည်တို့ကို ထိတွေ့ကိုင်တွယ်မိပြီး မသန့်ရှင်းသောလက်ဖြင့် မျက်လုံး၊ နှာခေါင်း စသည်တို့ကို ပွတ်သပ်မိရာမှ ရောဂါကူးစက်နိုင်ခြင်းဖြစ်သည်။ ရာသီတုပ်ကွေးသည် ရုတ်တရက်ဖြစ်ပြီး ကူးစက်မြန်ဆန်ခြင်းကြောင့် ကျောင်း၊ အလုပ်ရုံ၊ လုပ်ငန်းခွင်၊ ဘတ်စ်ကား စသည်ဖြင့် လူစုလူဝေး အနီးကပ်ထိတွေ့မှုများအတွင်း လျင်မြန်စွာ ပျံ့နှံ့သွားနိုင်သည်။

ရာသီတုပ်ကွေးသည် ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကာကွယ်နိုင်သလို တစ်ကိုယ်ရေသန့်ရှင်းစွာ နေထိုင်ခြင်း၊ အာဟာရ ပြည့်ဝစွာ စားသုံးခြင်း၊ လုံလောက်စွာအိပ်စက်အနားယူခြင်း၊ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်အောင်ဆေးကြောခြင်း၊ နှာချေ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ပြုလုပ်ခြင်း၊ လေကောင်းလေသန့်ရရှိအောင် နေထိုင်ခြင်း၊ လူထူထပ်သည့် နေရာများကို ရှောင်ကြဉ်ခြင်း၊ ရောဂါဖြစ်ပွားသူမှ အခြားသူများထံ ကူးစက်မှု မဖြစ်အောင် ဂရုပြုနေထိုင်စေခြင်းစသည်ဖြင့် ကာကွယ်ကြရန် ကျန်းမာရေးပညာရှင်များက နည်းလမ်းညွှန်ပြထားသည်။

ရာသီတုပ်ကွေးဖြစ်ပွားပါက ရောဂါလက္ခဏာ ပြင်းထန်စွာခံစားနေရသူများ၊ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါသည်များအား နီးစပ်ရာဆေးရုံဆေးခန်း၊ ကျန်းမာရေးဌာနများတွင် ဆောလျင်စွာ ပြသ၍ စနစ်တကျကုသမှုခံယူကြရပါမည့်အကြောင်း။ ။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရေး။

## အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်
အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၉-၁၂-၂၀၂၅ ရက်နေ့မှ ၃၁-၃-၂၀၂၆ ရက်နေ့ထိလည်းကောင်း၊ ဒုတိယနှစ်နှင့် အထက် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၄-၂-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့ထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## ၂၃ - ၁၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ဈေးနှုန်းမှာ ၅၉၈၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄ - ၁၂ - ၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၂၀ | ၂၆၃၀ | ၂၆၀၀ | ၂၅၃၅ | ၂၆၄၀ | ၂၆၅၅ | ၂၆၇၀ | ၂၅၉၀ | ၄၅၀၅ | ၂၈၀၀ | ၂၆၀၅ | ၂၇၃၀ | ၂၆၀၀ | ၂၆၄၀ | ၂၆၆၅ | ၂၉၂၀ |
| 95 Ron | ၂၅၇၀ | ၂၆၈၅ | ၂၆၅၀ | ၂၅၈၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၂၀ | ၂၆၄၀ | ၄၅၆၀ | ၂၉၃၅ | ၂၆၅၅ | ၂၇၈၀ | ၂၇၃၀ | ၂၆၉၅ | ၂၇၁၅ | ၂၉၇၀ |
| HSD (500 ppm) | ၂၂၃၀ | ၂၃၄၅ | ၂၃၀၀ | ၂၂၄၅ | ၂၃၅၀ | ၂၃၆၅ | ၂၃၈၅ | ၂၃၀၀ | - | ၂၅၉၅ | ၂၃၂၀ | ၂၈၅၀ | ၂၃၉၀ | ၂၃၅၅ | ၂၃၇၅ | ၂၆၃၅ |
| HSD (50 ppm) | ၂၆၉၀ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၆၀ | ၄၈၃၀ | ၃၀၅၀ | ၂၇၇၅ | ၂၈၇၀ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (10 ppm) | ၂၆၉၀ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၆၀ | - | ၃၀၅၀ | ၂၇၇၅ | ၂၈၇၀ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၅ | ၃၀၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၆၁ | ၂၄၄၂ |
| 95 Ron | ၂၄၁၁ | ၂၄၉၂ |
| HSD (500 ppm) | ၂၀၈၄ | ၂၁၅၅ |
| HSD (50 ppm) | ၂၅၂၅ | ၂၆၀၅ |
| HSD (10 ppm) | ၂၅၂၅ | ၂၆၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီရွှေ၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm



## ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ကက်သလစ် ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်စဉ်။

❄ *ရွှေဖုံးမှ*

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံဧဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များ၊ ကက်သလစ်လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊အဖွဲ့ဝင်များသည်စိန့်မေရီကာသီဒြယ်ကက်သလစ်ဘုရားကျောင်းတော်ကြီးသို့ ရောက်ရှိကြရာ ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ကြိုဆိုနှုတ်ဆက်ပြီး ခရစ်ယာန်လူငယ်လေးများက ခရစ်ယာန်ဓမ္မတေးသီချင်းများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေပြီး ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးနှင့် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုတို့သည် သီဆိုတီးမှုတ်ကပြဖျော်ဖြေခဲ့ကြသည့် ခရစ်ယာန်လူငယ်လေးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် စိန့်မေရီကာသီဒြယ် ကက်သလစ်ဘုရား ကျောင်းတော်ကြီးအတွင်းရှိ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မြန်မာနိုင်ငံသို့ လာရောက်စဉ် အသုံးပြုခဲ့သည့် လှည့်လည်ယာဉ်များကို ကြည့်ရှုပြီး ပုပ်ရဟန်းမင်းကြီးဖရန်စစ် ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်စဉ် ဆောင်ရွက်ခဲ့မှုမှတ်တမ်းဗီဒီယိုနှင့် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုတို့၏ ခရစ္စမတ်ဆုတောင်းပွဲများနှင့် မိတ်သဟာယပွဲတော်များ ကျင်းပပြုလုပ်ခဲ့မှု မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားဒုတိယပိုင်း ကျင်းပမည့် ဘုရားကျောင်းတော်အတွင်းသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ခရစ်တော်ကိုမျှော်လင့်သော သတ္တမနေ့အသင်းတော် မြန်မာနိုင်ငံသာသနာအဖွဲ့ချုပ် သိက္ခာတော်ရဆရာ ဦးဖိုးဖိုးလှက အဖွင့်ဆုတောင်းစကားပြောကြားသည်။

**❑ လူမှုအဖွဲ့အစည်းတစ်ခုမှစတင်ပြီး လူမှုအသိုက်အဝန်းကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာမှသာ လူသားများ ရှင်သန်ရပ်တည်ရာ ကမ္ဘာကြီးကလည်း ငြိမ်းချမ်းသာယာမည်ဖြစ်၊ လူသားတစ်ဦးနှင့်တစ်ဦးကြားတွင် စွန်းထင်းနေသည့် အမုန်းတရားများ၊ အငြိုးအာဃာတတရားများသည် လူ့အသိုက်အဝန်းကြားတွင် နိုင်လိုမင်းထက်မှုများ၊ သတ်ဖြတ်ညှဉ်းဆဲမှုများစသည့် ဒုစရိုက်တရားများကိုသာ ဆင့်ကဲဖြစ်ပေါ်စေ၊ ဘာသာတရားများ၏ အဆုံးအမများဖြစ်သည့် ချစ်ခြင်းမေတ္တာ၊ ကရုဏာတော်များကသာလျှင် ဒုစရိုက်တရားများကို ပယ်ဖျက်နိုင်မည်ဖြစ်ပြီး လွှမ်းခြုံလာသည့် ချစ်ခြင်းမေတ္တာများနှင့် အေးချမ်းသာယာသည့် ကမ္ဘာကြီးအဖြစ် ဖန်တီးနိုင်မည်ဖြစ်**

### ဓမ္မသီချင်းအား စုပေါင်းသီဆို

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဓမ္မတေးသီချင်းကျူးချေါင်း "အိုသာယာသော မြန်မာပြည်တော်ကျူး" ဓမ္မသီချင်းအား စုပေါင်းသီဆိုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား၍ တေးသံရှင် ပန်းရောင်ခြယ်က ဂုဏ်တော်ချီးမွမ်းခြင်းသီချင်းအား သီဆိုသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ရာသီသဘာဝနှင့် အခါသမယတို့ ပေါင်းစုံချိန်တွင် ယခုကဲ့သို့ကျရောက်လာသည့် ခရစ္စမတ်ပွဲတော်နှင့်အတူ ခရစ်ယာန်ဘာသာဝင်များ၊ နိုင်ငံသူနိုင်ငံသားများနှင့် ကမ္ဘာသူ ကမ္ဘာသားအားလုံး ဘာသာတရား၏ မေတ္တာရိပ်အောက်တွင် ချစ်ခြင်းမေတ္တာများနှင့် ငြိမ်းချမ်းသာယာခြင်းရှိကြပါစေရန် ဆုမွန်ကောင်းဖြင့် ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်း၊ ခရစ္စမတ်ပွဲတော်သည် လူသားများကြားတွင် ချစ်ခြင်းမေတ္တာတရားများကို လွှမ်းခြုံစေသည့်အပြင် ခရစ်ယာန်ဘာသာဝင်များ၏ မွန်မြတ်သည့် အနှစ်သာရတစ်ခုကို ထင်ဟပ်ပြသခြင်းလည်းဖြစ်သည်ကို ပြောကြားလိုကြောင်း။

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ စိန့်မေရီကာသီဒြယ် ကက်သလစ်ဘုရားကျောင်းတော်ကြီးအတွင်းရှိ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မြန်မာနိုင်ငံသို့လာရောက်စဉ် အသုံးပြုခဲ့သည့် လှည့်လည်ယာဉ်များကို ကြည့်ရှုစဉ်။

*စာမျက်နှာ ၃ မှ*

ယနေ့ လူသားအားလုံး ခိုလှုံရာကမ္ဘာကြီးတွင် ကိုးကွယ်မှုဘာသာများစွာရှိပြီး ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာဆိုသည့် အဓိကဘာသာကြီးလေးမျိုးအဖြစ် သတ်မှတ်ထားသည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း၊ ဘာသာတရားဆိုသည်မှာ အဆုံးအမတစ်ခုဖြစ်ပြီး ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားနှင့် ကိုယ်ချင်းစာတရားများကို အခြေခံစည်းမျဉ်းများသဖွယ် တွေ့မြင်ကြရမည်လည်းဖြစ်ကြောင်း၊ ကိုးကွယ်ရာဘာသာအလိုက် ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားများ၏ လမ်းညွှန်ပြသမှုများကသာ လူသားများအတွက် ငြိမ်းချမ်းသာယာခြင်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်ကို လေးလေးနက်နက် ယုံကြည်မိကြောင်း။

**အေးချမ်းသာယာသည့် ကမ္ဘာကြီးအဖြစ် ဖန်တီး**

လူမှုအဖွဲ့အစည်းတစ်ခုမှစတင်ပြီး လူမှုအသိုက်အဝန်းကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာမှသာ လူသားများရှင်သန်ရပ်တည်ရာ ကမ္ဘာကြီးကလည်း ငြိမ်းချမ်းသာယာမည်ဖြစ်ကြောင်း၊ လူသားတစ်ဦးနှင့် တစ်ဦးကြားတွင် စွန်းထင်းနေသည့် အမုန်းတရားများ၊ အငြိုးအာဃာတ တရားများသည် လူ့အသိုက်အဝန်းကြားတွင် နိုင်လိုမင်းထက်မှုများ၊ သတ်ဖြတ်ညှဉ်းဆဲမှုများစသည့် ဒုစရိုက်တရားများကိုသာ ဆင့်ကဲဖြစ်ပေါ်စေကြောင်း၊ ဘာသာတရားများ၏ အဆုံးအမများဖြစ်သည့် ချစ်ခြင်းမေတ္တာ၊ ကရုဏာတော်များကသာလျှင် ဒုစရိုက်တရားများကို ပယ်ဖျက်နိုင်မည်ဖြစ်ပြီး လွှမ်းခြုံလာသည့် ချစ်ခြင်းမေတ္တာများနှင့် အေးချမ်းသာယာသည့် ကမ္ဘာကြီးအဖြစ် ဖန်တီးနိုင်မည်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အတွင်း ကိုးကွယ်ခွင့်ဆိုင်ရာနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ပုဒ်မ ၃၄ တွင် **"ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သောအခွင့်အရေး၊ လွတ်လပ်စွာကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိစေရမည်"** ဟု အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် မည်သည့်ဘာသာကိုမဆို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပေးထားပြီးဖြစ်သည်ကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာဝင်များနှင့် အခြားသောဘာသာဝင်များသည် ရှေးနှစ်ပေါင်း မြောက်မြားစွာကတည်းက ယှဉ်တွဲမှီတင်းနေထိုင်လာခဲ့ကြခြင်းပင်ဖြစ်ကြောင်း၊ မည်သို့ပင် ကိုးကွယ်ရာကွဲပြားပါစေ ဘာသာဝင်အချင်းချင်းကြားတွင် ထိပါးစော်ကားခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ထိခိုက်နစ်နာစေလိုခြင်း အလျဉ်းမရှိဘဲ အပြန်အလှန်လေးစားမှုတရားများကို မဏ္ဍိုင်ပြုကာ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ဆွေမျိုးရင်းချာစိတ်ထားပြီး နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ရင်းနှီးနွေးထွေးသည့် ဘာသာဝင်များကြားမှ အဆိုပါအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် လိုအပ်ပြီး စည်းလုံးညီညွတ်မှုပြိုကွဲအောင်၊ လေးစားယုံကြည်မှု လျော့ပါးအောင် လုပ်ဆောင်လာသည့် မည်သည့်သွေးထိုးနှောင့်ယှက်မှုမျိုးကိုမဆို မိသားစုစိတ်ရင်းဖြင့် လက်တွဲပူးပေါင်းကာကွယ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဘာသာတရားတိုင်းတွင် အကျင့်တရား၊ စောင့်ထိန်းအပ်သောတရားဆိုသည့် ဘုံတူညီမှုများကိုတွေ့ရှိရပြီး အဆိုပါအကျင့်တရားများသည် စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုကို အဓိကအခြေခံထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာ ဖြူစင်သန့်ရှင်းမှုများသည် လူသားများအတွက် ရုပ်ပိုင်းဆိုင်ရာငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်မှုများကို အင်အားကြီးမားစွာ အထောက်အပံ့ပေးနိုင်ပြီး လူမှုအသိုက်အဝန်းတစ်ခုလုံးကို စည်ပင်သာယာဝပြောအောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သဖြင့် ဘာသာတရားသည် မွန်မြတ်သောအဆုံးအမအဖြစ် ခိုင်ခိုင်မာမာယုံကြည်သည်ကို ပြောကြားလိုကြောင်း။

ထိုသို့ ဘာသာတရားများအပေါ် အခြေခံပြီး ဖြစ်တည်လာသည့် ငြိမ်းချမ်းခြင်းတရားများကို ကိုယ်စီလက်ကိုင်ထားကာ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးပေါ်ပေါက်လာစေရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းအပေါ် ငြိမ်းချမ်းစွာလျှောက်လှမ်းသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ယနေ့ကဲ့သို့ အခါသမယကောင်းဖြစ်သည့် ခရစ္စမတ်ကျေးဇူးတော် ချီးမွမ်းခြင်းအခမ်းအနားတွင် ဦးဆောင်ကျင်းပပေးကြသည့် ခရစ်ယာန်ဘာသာဝင်ဆရာတော်ကြီးများနှင့် ဘာသာဝင်များ၊ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ နိုင်ငံသူ နိုင်ငံသားများ၊ ကမ္ဘာတစ်ဝန်းတွင် နေထိုင်ကြသည့် ခရစ်ယာန်ဘာသာဝင်များအားလုံး မွေးနေ့တော်မှစ၍ ငြိမ်းချမ်းခြင်းအနှစ်သာရများကို ကိုယ်စီပိုင်ဆိုင်ပြီး ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆန္ဒမွန်ဖြင့် ဆုတောင်းလိုက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာဒေါက်တာဦးအေးမင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အထူးဆုတောင်းစကားပြောကြားပြီး မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) မက်သဒစ်အင်္ဂလိပ်အသင်းတော် သံစုံတီးဝိုင်းအဖွဲ့က ခရစ္စမတ်သံစုံဓမ္မတေးသီချင်းအား သီဆိုတီးမှုတ်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခရစ်ယာန်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ သိက္ခာတော်ရဆရာ ဒေါက်တာမျိုးမြင့်ဦး ဦးဆောင်၍ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မွေးနေ့တော်ပွဲ အတုံ့အပြန်ဖတ်ကြားခြင်းကိုလည်းကောင်း၊ Sister ရူဖီးက သမ္မာကျမ်းစာဖတ်ကြားခြင်းကိုလည်းကောင်း၊ ခရစ္စမတ် ဓမ္မဒေသနာချီးမြှင့်ဟောကြားခြင်းကို ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုကလည်းကောင်း အသီးသီးဆောင်ရွက်ကြသည်။

**ခရစ္စမတ်အထိမ်းအမှတ် လက်ဆောင်ပေးအပ်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့ထံ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဗင် သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းတို့က ခရစ္စမတ်အမှတ်တရမေတ္တာလက်ဆောင်၊ ခရစ္စမတ်ဆုတောင်းလွှာနှင့် ကျောက်စီပန်းချီကားကို ပေးအပ်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ခရစ္စမတ်အထိမ်းအမှတ် လက်ဆောင်များကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် သိက္ခာတော်ရဆရာ မန်းပါမာစတန်က ကျေးဇူးတင်စကားပြောကြားပြီး သိက္ခာတော်ရဒေါက်တာ မောရစ်လျှန်နာက ခရစ္စမတ် အခါသမယမိတ်သဟာယ မိတ်ဆုံစားပွဲဖြစ်မြောက်ရေးနှင့် ပါဝင်ပေးခဲ့သူများအားလုံးအတွက် ကျေးဇူးတော်ချီးမွမ်းခြင်းကို ဆောင်ရွက်သည်။

ဆက်လက်၍ "တိတ်ဆိတ်ည သန့်ရှင်းည" ဓမ္မသီချင်းကို ပရိသတ်များက သံပြိုင်သီဆိုကြသည်။ ထို့နောက် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ်ကောင်းချီးဆုမွန်စကားပြောကြားရာတွင် မင်္ဂလာရှိသော ခရစ္စမတ်အခါသမယတွင် ခရစ်ယာန်ဘာသာဝင်များသာမက ကမ္ဘာပေါ်ရှိလူသားအားလုံး ခရစ္စမတ်၏ကောင်းခြင်းမင်္ဂလာတို့ဖြင့် ပြည့်စုံပါစေကြောင်း၊ နှစ်သစ်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောပါစေကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး မိသားစု၊ မြန်မာပြည်သူ ပြည်သားအားလုံး ကောင်းချီးမင်္ဂလာများ ရရှိပါစေကြောင်း ဆုမွန်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များသည် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများမှ တည်ခင်းဧည့်ခံသည့် မိတ်သဟာယ မိတ်ဆုံစားပွဲကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများက ဓမ္မတေးသီချင်းကျူးချောင်း "အိုသာယာသော မြန်မာပြည်တော်ကျူး" ဓမ္မသီချင်းအား စုပေါင်းသီဆိုကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဗင် သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းတို့က ခရစ္စမတ်အမှတ်တရ မေတ္တာလက်ဆောင် ပေးအပ်စဉ်။



**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့ သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိက ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစား ဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေမှ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ နေကြာသီးနှံနှင့် ဆီထွက်သီးနှံကဏ္ဍများသို့ အသီးသီးထုတ်ချေးခဲ့ပြီး အချို့မှာ ချေးငွေများ အပြေအကြေ ပြန်လည်ပေးဆပ်နိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၅) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၄၆)ရှိပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟို ကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်ဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံတော်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံသားပိုင်အဖွဲ့အစည်းများ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော မြန်မာနိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းကြီးများသို့ စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရန်နှင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန်အတွက် ချေးငွေများ ထုတ်ချေးနိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ လွှဲပြောင်းပေးသည့် ကျပ် ၂၁၄ ဒသမ ၀၉၆ ဘီလီယံကို ၂၀၂၀ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် မြန်မာ့စီးပွားရေးဘဏ်၌ "ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေစာရင်း" (OA-013830) ကို ဖွင့်လှစ်ထိန်းသိမ်းထားရှိ ဆောင်ရွက်ခဲ့ကြောင်း၊ ထပ်မံ၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ၂၀၂၃ ခုနှစ် မေ ၃၁ ရက်တွင် ငွေကျပ် ၂၅ ဒသမ ၈၂၀ ဘီလီယံကို ထပ်မံခွဲဝေရရှိခဲ့သဖြင့် စုစုပေါင်းရန်ပုံငွေကျပ် ၂၃၉ ဒသမ ၉၁၇ ဘီလီယံရှိခဲ့ကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းကြီးများသို့ ကိုဗစ်-၁၉ အထူးချေးငွေများ ထုတ်ချေးနိုင်ရန်အတွက် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ကုသရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် "ကိုဗစ်-၁၉ အထူးချေးငွေဦးဆောင်ကော်မတီနှင့် ချေးငွေစိစစ်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့" ဖွဲ့စည်းခဲ့ပြီး ချေးငွေများ စိစစ်ထုတ်ချေးခဲ့ကြောင်း၊ ယခင် ကိုဗစ်-၁၉ အထူးချေးငွေဦးဆောင်ကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် နောက်ဆုံးကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် လေကြောင်းပို့ဆောင်ရေးကဏ္ဍသို့ ချေးငွေများထုတ်ချေးနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း။

ယခုအခါ **"ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီနှင့် ချေးငွေစိစစ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့"** တို့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေမှ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ နေကြာသီးနှံနှင့် ဆီထွက်သီးနှံကဏ္ဍများသို့ အသီးသီးထုတ်ချေးခဲ့ကြောင်း၊ ယင်းတို့အနက် အချို့ဌာနများမှာ ချေးငွေများ အပြေအကြေ ပြန်လည်ပေးဆပ်နိုင်ခဲ့ကြောင်း၊ အချို့လုပ်ငန်းများမှာ ချေးငွေအရင်း၊ အတိုးများကို ပေးဆပ်လျက်ရှိသော်လည်း အချို့လုပ်ငန်းများမှာ ပြန်လည်ပေးဆပ်ရန်သက်တမ်း စေ့ရောက်ခြင်း မရှိသေးကြောင်း၊ သို့ဖြစ်ရာ ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေမှချေးငွေများထုတ်ချေးထားရှိမှု၊ ပြန်လည်ကောက်ခံရရှိမှုနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေများကို သိရှိမှတ်တမ်းတင်နိုင်ရန်နှင့် အကျိုးသက်ရောက်မှု သုံးသပ်ချက် (Impact Analysis) လုပ်နိုင်ရေးအတွက် ယခုအစည်းအဝေးကို ခေါ်ယူကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေစာရင်း ထူထောင်ခြင်းနှင့် ချေးငွေအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ချေးငွေထုတ်ချေးမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ခြောက်လတစ်ကြိမ် မှတ်တမ်းတင်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီအဖွဲ့ဝင်များက ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေမှ ချေးငွေထုတ်ချေးမှုများနှင့် ချေးငွေများအား ပြန်လည်ပေးဆပ်ရန် စေ့ရောက်သည့်အချိန်များတွင် ပြန်လည်ပေးဆပ်နိုင်ရေး ချေးငွေထုတ်ယူထားသော လုပ်ငန်းများနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို အကြံပြုသုံးသပ်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှု ကွင်းဆင်းကြည့်ရှု



**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှု၊ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းလာရောက်ကြည့်ရှုနေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အလုံမြို့နယ် ဌာနာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၊ လမ်းမတော်မြို့နယ် အမှတ်(၇) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၊ ကျောက်တံတားမြို့နယ် အမှတ်(၅) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းရှိ အားကစားရုံ၊ သာကေတမြို့နယ် ၃/ရန်ပြေရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် သန်လျင်မြို့နယ် မြို့ဟောင်းအလယ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများ၌ တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုကို လာရောက်ကြည့်ရှုကြသည့် မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် မဲစာရင်းအမှတ်စဉ်များကို မဲဆန္ဒရှင်ပြည်သူများ ကြိုတင် သိရှိစေရေးအတွက် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဓနုထက်ကို

(ပြန်/ဆက်)

# စေတနာမှန်လျှင် သမိုင်းမော်ကွန်းတင်မည်

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လန်ဒန်အခြေစိုက် ဘီဘီစီသတင်းဌာနကို အသရေဖျက်မှုနဲ့ ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ တရားစွဲဆိုလိုက်ပြီး နစ်နာကြေးအဖြစ် ဒေါ်လာ ၁၀ ဘီလီယံပေးဖို့ တောင်းဆိုလိုက်ပါတယ်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှာ ပြောကြားခဲ့တဲ့ ထရမ့်ရဲ့မိန့်ခွန်းကို ဘီဘီစီသတင်းဌာနက အစီအစဉ်တစ်ခုမှာ တည်းဖြတ်ထုတ်လွှင့်မှုနဲ့ပတ်သက်လို့ တရားစွဲဆိုလိုက်တာလည်း ဖြစ်ပါတယ်။ သမ္မတထရမ့်ရဲ့ တရားစွဲဆိုမှုမှာ အမှုနှစ်ခုပါဝင်ပြီး စွဲချက်တစ်ခုကို ဒေါ်လာငါးဘီလီယံနဲ့ စွဲချက်နှစ်ခုလုံးအတွက် စုစုပေါင်း ဒေါ်လာ ၁၀ ဘီလီယံလျော်ကြေးပေးဖို့ သမ္မတဒေါ်နယ်ထရမ့်က ဘီဘီစီကို တောင်းဆိုထားပါတယ်။**

*မောင်ကောင်း*

ဘီဘီစီသတင်းဌာနရဲ့ Panorama အစီအစဉ်မှာ ထရမ့်ရဲ့ မိန့်ခွန်းကို တည်းဖြတ်ထုတ်လွှင့်ခဲ့မှုဟာ ဆိုးဆိုးရွားရွား ကျူးလွန်ခဲ့တဲ့ အမှားအယွင်းတစ်ခုဖြစ်ပြီး သမ္မတ ထရမ့်ရဲ့ ဂုဏ်သိက္ခာကို ကျဆင်းစေခဲ့ပါတယ်။ မိန့်ခွန်းကို တည်းဖြတ်ရာမှာ အမှားအယွင်းရှိခဲ့ကြောင်းနဲ့ မိန့်ခွန်းတည်းဖြတ်မှုကြောင့် ထရမ့်က အကြမ်းဖက်လုပ်ဆောင်ဖို့ တိုက်ရိုက်လှုံ့ဆော်ခဲ့တယ်လို့ မှားယွင်းတဲ့အထင်အမြင် ဖြစ်ပေါ်စေခဲ့ကြောင်း ဘီဘီစီက ဝန်ခံခဲ့တာဟာ အမှားအယွင်းကို ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ခဲ့တာ ထင်ရှားနေပါတယ်။ ဒါပေမယ့် ဘီဘီစီကတော့ သမ္မတ ထရမ့်အနေနဲ့ တရားစွဲဆိုဖို့ ကြိုးပမ်းတာဟာ ဥပဒေကြောင်းအရ အခြေအမြစ်မရှိဘူးလို့ ငြင်းဆန်ထားပါတယ်။

အမေရိကန်နဲ့ ဗြိတိန်က မီဒီယာတွေနဲ့ သမ္မတ ထရမ့် အစေးမကပ်မှုတွေက တစ်ယောက်အမှားကို တစ်ယောက်စောင့်တွယ်ရင်း အပြန်အလှန်ဖြစ်နေကြပုံပါ။ စီအင်န်အင်န်၊ နယူးယောက်တိုင်းမ်၊ ဘီဘီစီ စတဲ့ မီဒီယာတွေက ထရမ့်ရဲ့ အမူအရာတွေ၊ ဆုံးဖြတ်ချက်တွေကို စောင့်ကြည့်နေကြပြီး အဆိုးမြင်ဘောင် (Negative Frame)ထဲကသာ ဖော်ပြနေကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ထရမ့်ဟာ မိမိပေးချင်တဲ့ အချက်အလက်ကို တွစ်တာလိုမျိုး လူမှုကွန်ရက်ကနေ တိုက်ရိုက်ပေးပြီး အစဉ်အလာမီဒီယာတွေကို အယုံအကြည်ကင်းမဲ့စွာနဲ့ ပြင်းပြင်းထန်ထန် ဆန့်ကျင်တတ်ပါတယ်။ မီဒီယာတွေကလည်း ထရမ့်ရဲ့ အမှားကိုသာ စောင့်ဖမ်းပြီး သတင်းလုပ်နေကြတာကြောင့် ထရမ့်နဲ့ မီဒီယာတွေရဲ့ကြားမှာ ကွာဟချက်က ကြီးမားပြီး တစေးစေးနဲ့ မျက်ချေးပမာရှိနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ အခု ဘီဘီစီနဲ့ဖြစ်တဲ့ ပြဿနာက ဖြစ်ရိုးဖြစ်စဉ် ပြဿနာတွေထက် ကြီးမားပြီး အသရေဖျက်မှုနဲ့ ပြည်နယ်ဥပဒေချိုးဖောက်မှုတို့အတွက် တောင်းဆိုထားတဲ့ လျော်ကြေး ၁၀ ဘီလီယံကတော့ ရမရ စောင့်ကြည့်ကြရမှာပါ။

**တစ်ဆက်တည်းမှာပဲ ပြောချင်တာကတော့ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲနီးလာချိန် လူမှုကွန်ရက်တွေမှာ သတင်းတု၊ သတင်းမှားတွေနဲ့ ရွေးကောက်ပွဲကို တိုက်ခိုက်မှုတွေ ခပ်စိပ်စိပ် ပြုလုပ်လာကြတာ ဖြစ်ပါတယ်။ Justic for Myanmar လိုမျိုး ပြည်ပရောက် အကြမ်းဖက်အားပေးအဖွဲ့အစည်းတွေကလည်း ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးလုပ်တဲ့အနေနဲ့ အတုအယောင်ရွေးကောက်ပွဲ(Sham Election) လို့တစ်မျိုး၊ အာဏာသိမ်းမှုကို တရားဝင်အောင် လုပ်ဖို့ အစီအစဉ် စသည်ဖြင့် တစ်ဖုံ စွပ်စွဲပုတ်ခတ်ပြောကြားနေကြပြီး ရွေးကောက်ပွဲအပေါ် ပြည်သူလူထုရဲ့ ယုံကြည်မှု ပျက်စီးအောင်၊ မဲပေးလိုစိတ် လျော့နည်းအောင် လုပ်ကြံနေကြပါတယ်။**

“ဘယ်သူတွေ ဘာပဲပြောနေနေ ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပတော့မှာဖြစ်ပြီး မြန်မာနိုင်ငံရဲ့ အကျိုးစီးပွားကိုလိုလားတဲ့ မိတ်ဖက်နိုင်ငံတွေက ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေ မကြာမီရောက်ရှိလာကြတော့မှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ သတင်းရယူဖို့အတွက် ပြည်ပနိုင်ငံအသီးသီးက သတင်းထောက်တွေ၊ သတင်းစာဆရာတွေ ရောက်လာကြမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်ကို ကိုယ်တွေ့မျက်မြင် တွေ့ကြရမှာ ဖြစ်သလို မိမိတို့နိုင်ငံနဲ့ ပြည်သူအပေါ် အမှန်အတိုင်း သိရှိနားလည်နိုင်ကြမှာလည်း ဖြစ်ပါတယ်။ ကမ္ဘာ့မီဒီယာတွေမှာ တွေ့မြင်ကြားသိနေကြရတဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေနဲ့ သတင်းသမားတွေကိုယ်တိုင် ကြုံတွေ့ရတဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေတို့ရဲ့ ကွာခြားချက်တွေကိုလည်း နှိုင်းယှဉ်သိရှိနိုင်မှာ ဖြစ်ပါတယ်”

ဒါ့အပြင် အဲဒီအဖွဲ့အစည်းတွေဟာ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ အာဆီယံ၊ အမေရိကန်၊ ဥရောပနိုင်ငံအစိုးရတွေကို မြန်မာနိုင်ငံမှာ ကျင်းပမယ့် ရွေးကောက်ပွဲကို အသိအမှတ်မပြုဖို့၊ စောင့်ကြည့်လေ့လာသူတွေ စေလွှတ်ခြင်းမပြုဖို့၊ အနိုင်ရသူကို လက်မခံဖို့ စသည်ဖြင့် နိုင်ငံတကာကို လှုံ့ဆော်နေကြပါတယ်။ သူများနိုင်ငံမှာရှိတဲ့ အမတ်တချို့တလေက မြန်မာအစိုးရ၊ မြန်မာနိုင်ငံ ရွေးကောက်ပွဲအပေါ် မှတ်ချက်တစ်စုံတစ်ရာ ပြောလိုက်ရုံမျှနဲ့ တစ်စိတ်ကို တစ်အိတ်လုပ် ပုံကြီးချဲ့ပြီး သတင်းထုတ်လွှင့်ကြတာက ပြည်ပြေးအကြမ်းဖက်အားပေး မီဒီယာတွေရဲ့ ရိုးရာတစ်ခုအဖြစ် အမြစ်တွယ်နေပြီဖြစ်ပါတယ်။

နိုင်ငံတိုင်းအတွက် ရွေးကောက်ပွဲကာလမှာ သတင်းတု၊ သတင်းမှားတွေ အလွန်အမင်း ပေါ်ပေါက်တတ်တာကတော့ ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ ယနေ့ခေတ်လို လူမှုကွန်ရက် မီဒီယာတွေရဲ့ သက်ရောက်မှုကြောင့် သတင်းအချက်အလက်တွေကို အမှားအမှန်ခွဲခြားဖို့ ခက်ခဲလာပြီး သတင်းကို လက်နက်တစ်ခုအဖြစ် အသုံးချလာမှုက ပိုမိုမြင်တွေ့နေရပါတယ်။

မြန်မာနိုင်ငံမှာလည်း ရွေးကောက်ပွဲ နီးကပ်လာတာနဲ့အမျှ သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းတွေ ပိုမိုများပြားလာပြီး မီဒီယာအနိုင်ကျင့်မှု (Media Bullying)ပုံစံတွေနဲ့ ရွေးကောက်ပွဲရဲ့ ယုံကြည်မှုကို ထိခိုက်စေဖို့ ကြိုးပမ်းမှုတွေ ဆက်တိုက်မြင်တွေ့နေရတယ်။ ဥပမာအားဖြင့် Justice For Myanmar လို အဖွဲ့အစည်းတွေရဲ့ စွပ်စွဲချက်တွေ၊ နိုင်ငံတကာ မီဒီယာအချို့ရဲ့ တစ်ဖက်သတ်ဖော်ပြမှုတွေဟာ သတင်းရယူတဲ့ ပြည်သူတွေနဲ့ နိုင်ငံတကာကို မှားယွင်းတဲ့ အထင်အမြင်ဖြစ်စေတာကို မြင်ရတယ်။

USAID Funding ရပ်ဆိုင်းလိုက်တဲ့အတွက် လုပ်ငန်းတွေ အတောသတ်သွားခဲ့တဲ့ မီဒီယာ အချို့ကလည်း မြန်မာနိုင်ငံ ရွေးကောက်ပွဲကို အခွင့်အရေးအဖြစ် အသုံးချဖို့အတွက် အဟောင်းတွေကို ပြန်လည်ဖော်ထုတ်တာ၊ မသေချာမရေရာတဲ့ သတင်းအချက်အလက်တွေသုံးပြီး ပြန်လည်လှုပ်ရှားလာကြတာကိုလည်း သတိပြုကြရမှာ ဖြစ်ပါတယ်။ ဒါတွေကို သတင်းလွတ်လပ်ခွင့်လို့ ခေါင်းစဉ်တပ်ထားပေမယ့် နိုင်ငံရေးအာဂျင်ဒါအခြေပြု သတင်းလုပ်ငန်းတွေအဖြစ် ပြောင်းလဲသွားနိုင်တဲ့ အန္တရာယ်ပါပဲ။

အတွေ့အကြုံတွေအရ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကာလတိုင်းမှာ သတင်းတု၊ သတင်းမှားတွေက နည်းပညာအသစ်တွေနဲ့အတူ ပိုမိုလျင်မြန်စွာ ပျံ့နှံ့လာတတ်တာကို မြင်တွေ့ရတတ်ပါတယ်။ ယခင်ရွေးကောက်ပွဲကာလတုန်းကလည်း မဲရုံဖွင့်ချိန် ပြောင်းလဲသွားတယ်ဆိုတဲ့ သတင်းအတုမျိုးနဲ့ မဲပေးလိုစိတ်ကို ကျဆင်းဖို့ရည်ရွယ်တဲ့ သတင်းတုမျိုးစုံကို တွေ့ခဲ့ကြရပါတယ်။ မကြာခင်ကျင်းပမယ့် ရွေးကောက်ပွဲကာလမှာလည်း နည်းလမ်းဟောင်းတွေကို နည်းပညာအသစ်နဲ့ ပြန်လည်အသုံးချလာကြမှာ မလွဲမသွေပါပဲ။ သတင်းတု၊ သတင်းမှားတွေကို နိုင်ငံရေးရည်ရွယ်ချက်အတွက် လက်နက်တစ်ခုအဖြစ် အသုံးချလာသူတွေဟာ နိုင်ငံ့အကျိုးအတွက် ရွေးကောက်ပွဲအောင်မြင်တာကို မလိုလားသူတွေဖြစ်ကြောင်း အလွယ်တကူ သုံးသပ်သိရှိနိုင်ပါတယ်။

ဒီလိုအခြေအနေမှာ ရွေးကောက်ပွဲကို အနီးကပ်စောင့်ကြည့်လာမယ့် ပြည်ပသတင်းသမားတွေက ကိုယ်တွေ့မျက်မြင်တွေ့ရှိရတဲ့ အချက်အလက်တွေကို အခြေခံပြီး မျှတမှုရှိရှိ ဖော်ပြနိုင်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေကို နိုင်ငံတကာက ပိုမိုနားလည်လာစေနိုင်မှာဖြစ်ပါတယ်။

ဘယ်သူတွေ ဘာပဲပြောနေနေ ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပတော့မှာဖြစ်ပြီး မြန်မာနိုင်ငံရဲ့ အကျိုးစီးပွားကို လိုလားတဲ့ မိတ်ဖက်နိုင်ငံတွေက ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေ မကြာမီရောက်ရှိလာကြတော့မှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ သတင်းရယူဖို့အတွက် ပြည်ပနိုင်ငံအသီးသီးက သတင်းထောက်တွေ၊ သတင်းစာဆရာတွေ ရောက်လာကြမှာ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်ကို ကိုယ်တွေ့မျက်မြင်တွေ့ကြရမှာဖြစ်သလို မိမိတို့နိုင်ငံနဲ့ ပြည်သူအပေါ် အမှန်အတိုင်း သိရှိနားလည်နိုင်ကြမှာလည်း ဖြစ်ပါတယ်။ ကမ္ဘာ့မီဒီယာတွေမှာ တွေ့မြင်ကြားသိနေကြရတဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေနဲ့ သတင်းသမားတွေ ကိုယ်တိုင်ကြုံတွေ့ရတဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေတို့ရဲ့ ကွာခြားချက်တွေကိုလည်း နှိုင်းယှဉ်သိရှိနိုင်မှာဖြစ်ပါတယ်။

ပြည်ပက ရောက်လာမယ့် သတင်းထောက်နောက်တစ်မျိုးကတော့ မြန်မာနိုင်ငံနဲ့ ပတ်သက်ရင် အဆိုးမြင်ဘောင် (Negative Frame) ကို အသေခတ်ထားတဲ့ သတင်းဌာနက သတင်းထောက်တွေဖြစ်ပြီး အယ်ဒီတာအဖွဲ့ရဲ့ ကြိုတင်အာဂျင်ဒါနဲ့ Guide Line တွေ ချမှတ်ပေးလိုက်တဲ့အတိုင်း မမှန်မကန်ရေးသားကြမယ့်သူများ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သူတို့တွေ့ကြုံရတာတွေ ဘယ်လောက်ပဲကောင်းနေနေ မကောင်းတာကိုသာ ရွေးချယ်ဖော်ပြထုတ်လွှင့်ကြမှာဖြစ်ပါတယ်။ သူတို့ကို တရားဝင်ကိန်းဂဏန်းတွေ၊ အချက်အလက်တွေ ဘယ်လောက်ပံ့ပိုးပေးသည်ဖြစ်စေ အဲဒါတွေကို သတင်းအချက်အလက်အဖြစ် အသုံးပြုမှာမဟုတ်ဘဲ သူတို့စိတ်ကြိုက်ပုံဖော်နိုင်ဖို့ မရေမရာ အတည်မပြုနိုင်တဲ့ သတင်းအချက်အလက်တွေနဲ့ သတင်းအဆိုးတွေ ရေးသားထုတ်လွှင့်ကြမှာပဲဖြစ်ပါတယ်။

ဘယ်သူတွေ ဘယ်လိုပဲဖျက်ဖျက် မပျက်နိုင်ပါဘူးဆိုသလိုပဲ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသူ နိုင်ငံသားတွေလည်း ဘယ်လို ဖိအား၊ ဘယ်လိုခြိမ်းခြောက်မှုမှ မပါရှိဘဲ မိမိတို့ဆန္ဒရှိတဲ့အတိုင်း လွတ်လပ်စွာ

*စာမျက်နှာ ၇ သို့*

**❖ ပြည်ပကရောက်လာမယ့် သတင်းထောက် နောက်တစ်မျိုးကတော့ မြန်မာနိုင်ငံနဲ့ပတ်သက်ရင် အဆိုးမြင်ဘောင် (Negative Frame)ကို အသေခတ်ထားတဲ့ သတင်းဌာနက သတင်းထောက်တွေဖြစ်ပြီး အယ်ဒီတာအဖွဲ့ရဲ့ ကြိုတင်အာဂျင်ဒါနဲ့ Guide Line တွေ ချမှတ်ပေးလိုက်တဲ့အတိုင်း မမှန်မကန်ရေးသားကြမယ့်သူများ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သူတို့တွေ့ကြုံရတာတွေ ဘယ်လောက်ပဲကောင်းနေနေ မကောင်းတာကိုသာ ရွေးချယ်ဖော်ပြထုတ်လွှင့်ကြမှာ ဖြစ်ပါတယ်။ သူတို့ကို တရားဝင်ကိန်းဂဏန်းတွေ၊ အချက်အလက်တွေ ဘယ်လောက်ပံ့ပိုးပေးသည်ဖြစ်စေ အဲဒါတွေကို သတင်းအချက်အလက်အဖြစ် အသုံးပြုမှာမဟုတ်ဘဲ သူတို့စိတ်ကြိုက်ပုံဖော်နိုင်ဖို့ မရေမရာ အတည်မပြုနိုင်တဲ့ သတင်းအချက်အလက်တွေနဲ့ သတင်းအဆိုးတွေ ရေးသားထုတ်လွှင့်ကြမှာပဲဖြစ်ပါတယ်**

# လူငယ်ငြိမ်းချမ်းရေးဖိုရမ်အား ငြိမ်းချမ်းရေးကို စိတ်ဝင်စားသည့်လူငယ်များ စုပေါင်းပါဝင်ဆွေးနွေးသည့်ပုံစံမျိုးဖြင့် ဆောင်ရွက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေး ဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် M Gallery ဟိုတယ်၌ ကျင်းပရာ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက Video Conferencing ဖြင့် တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်(**အပေါ်ယာပုံ**)က အခမ်းအနားအား ငြိမ်းချမ်းရေးကို စိတ်ဝင်စားသည့် လူငယ်များ စုပေါင်း ပါဝင်ဆွေးနွေးသည့် ပုံစံမျိုးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူငယ်များ၏ အသံစုံလင်စွာရရှိရန် စီစဉ်ထားကြောင်း၊ ဖိုရမ်အတွက်လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများအား ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာကော်မတီအလိုက် မိမိတို့ လုပ်ငန်းတာဝန်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အသေးစိတ်ကိုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဖိုရမ်တွင် လူငယ်များ၏ အသံစုံလင်စွာရရှိရန် စီစဉ်ထားမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများအနေဖြင့် ပါဝင်ဆွေးနွေးမည့် လူငယ်ကိုယ်စားလှယ်များအား သတ်မှတ်ချက်အလိုက် ရွေးချယ်ပေးစေလိုမှု၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေးလုပ်ငန်းကိစ္စရပ်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများ၊ ပူးပေါင်းညှိနှိုင်းရေး လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက လူငယ်နှင့် ငြိမ်းချမ်းရေးကဏ္ဍ၏ အရေးပါမှုအခြေအနေ၊ ငြိမ်းချမ်းရေးသည် အရေးကြီးသည့်အတွက် အစိုးရအဆက်ဆက် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှု၊ လက်ရှိနိုင်ငံ၏ပကတိ ဖြစ်ပေါ်တိုးတက်မှုနှင့် လူငယ်များ၏ အခန်းကဏ္ဍ အရေးပါမှုနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ်အား ငြိမ်းချမ်းရေးနှင့် လူမှုအသိုက်အဝန်းတည်ငြိမ်ရေးတွင် လူငယ်များ၏ ဆောင်ရွက်ချက်များ အရေးကြီးသည်ကို ပေါ်လွင်စေရန်၊ အပြုသဘောဆောင်သော ပတ်ဝန်းကျင်တစ်ရပ်တွင် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သောကိစ္စရပ်များ၊ စိတ်သဘောထားများနှင့်ပတ်သက်၍ ဆွေးနွေးအဖြေရှာရန်နှင့် လူငယ်များအတွက် အခွင့်အလမ်းများဖန်တီးပေးရန်၊ ငြိမ်းချမ်းသော အသိုက်အဝန်းများ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေရန်နှင့် ရွေးကောက်ပွဲလွန်ကာလ၌ လူငယ်များ၏ လက်တွေ့ကျသော အခန်းကဏ္ဍကို ဖော်ထုတ်ရန်၊ တွေ့ဆုံဆွေးနွေးခြင်း၊ ကြားဝင်ဖျန်ဖြေခြင်းနှင့် တာဝန်ယူမှုရှိသော ဆက်သွယ်ဆောင်ရွက်ခြင်းတို့တွင် လူငယ်များ၏ စွမ်းရည်များ ပိုမိုခိုင်မာလာစေရန်၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး၊ လူမှုရေးလုပ်ငန်းဆိုင်ရာ အနာဂတ်စီမံချက်တစ်ရပ်ရေးဆွဲနိုင်ရေး အထောက်အပံ့ဖြစ်စေမည့် လူငယ်များ၏ အကြံပြုချက်များ ပေါ်ထွက်လာစေရန်နှင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှ ပေါ်ထွက်လာသည့် အကြံပြုချက်များကို စုစည်း၍ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် လူငယ်မူဝါဒဆိုင်ရာ စာတမ်းတစ်ရပ် ရေးဆွဲတင်ပြနိုင်ရန်တို့ကို ရည်ရွယ်၍ ကျင်းပဆောင်ရွက်မည်ဖြစ်သည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ်တွင် ဆွေးနွေးပွဲကဏ္ဍများအတွက် သီးခြားရွေးချယ်ထားသည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်လူငယ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ မသန်စွမ်းလူငယ်များ၊ လူထုအခြေပြု အဖွဲ့အစည်းများမှ စေတနာ့ဝန်ထမ်းလူငယ်များ၊ ပရဟိတအသင်းအဖွဲ့များနှင့် NGO လူငယ်ကွန်ရက်အဖွဲ့များမှ လူငယ်များ၊ နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များနှင့် IDP စခန်းများမှ လူငယ်များကို ဖိတ်ကြားနိုင်ရေး စီစဉ်လျက်ရှိပြီး အုပ်စုအသီးသီးမှ လူငယ်ကိုယ်စားလှယ်များအနေဖြင့် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း ရှိသည့် လူငယ်ကိုယ်စားလှယ်များကို ဖိတ်ကြားသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် မကွေးတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆို

**မကွေး ဒီဇင်ဘာ ၂၃**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မကွေးတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ ဘက်စုံခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ မောင်မယ်သစ်လွင်များ တက်ရောက်ကြသည်။

မောင်မယ်သစ်လွင် ကြိုဆိုပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်ကေခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ မကွေးတက္ကသိုလ်စာပေနှင့် အနုပညာအသင်းက လုပဝေဆာ ဆီမီးပဒေသာ သီချင်းဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက် မောင်မယ်သစ်လွင်များအား ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခ ဆရာ ဆရာမကြီးများ၊ ဘာသာရပ် အသီးသီးမှ ပါမောက္ခများက တစ်ဦးချင်း မိတ်ဆက်ကြသည်။




ယင်းနောက်မကွေးတက္ကသိုလ်မှ သတ္တဗေဒအထူးပြု ကျောင်းသူများက သွေးချင်းတို့ရဲ့မြေသီချင်း၊ အင်္ဂလိပ်စာအထူးပြု ကျောင်းသားကျောင်းသူများက ထန်းရွက်ပုတီးသီချင်း၊ စာပေနှင့်အနုပညာအသင်းက လက်ခုပ်သံ သီချင်း၊ ရုက္ခဗေဒအထူးပြု ကျောင်းသူများက ပန်းကမ္ဘာမျှော်စင် သီချင်းတို့ဖြင့် အသီးသီး ကပြဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ကြိုဆိုပွဲအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘာသာရပ်အလိုက် ပြသထားသော ပြခန်းငယ်များအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးရရှိရေး ဆောင်ရွက်

**ပေါင် ဒီဇင်ဘာ ၂၃**

မွန်ပြည်နယ် ပေါင်မြို့နယ် ပေါင်းရပ်ကွက် စရိစ္စလာမဏိဟိန္ဒူဘုရားကျောင်းခန်းမ၌ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးရရှိရေးအတွက် ပေါင်မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မွန်ပြည်နယ် ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးတို့က ကြည့်ရှုအားပေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးအနေဖြင့် လွယ်ကူစွာဖြင့် အချိန်တိုအတွင်း ကိုင်ဆောင်လက်မှတ်ရရှိနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အသိပညာပေးပြောကြားပြီး ပြည်သူများ၏ သိလိုသည်များကို ဖြေကြားရှင်းလင်းကာ ကတ်တစ်မျိုးမျိုး လျှောက်ထားသူ ၆၃ ဦးရှိကြောင်း၊ လာရောက်လျှောက်ထားသူများကို ဟိန္ဒူဘာသာရေးအဖွဲ့မှ မှတ်တမ်းရေးသွင်းထားရှိ၍ အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**



*စာမျက်နှာ ၆ မှ*

ဆန္ဒမဲပေးကြရတော့မှာလည်း ဖြစ်ပါတယ်။ နိုင်ငံ့တာဝန်ကို ယာယီထိန်းသိမ်းထားရတဲ့ လက်ရှိ နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးဆုံးချိန်မှာ ပေါ်ပေါက်လာမယ့် အစိုးရအဖွဲ့ကို နိုင်ငံတော်တာဝန်တွေ လွှဲပြောင်းပေးအပ်သွားမှာလည်း ဖြစ်ပါတယ်။ မကြာမီကျင်းပတော့မယ့် ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းရဲ့ အကျိုးအတွက်သာမက ဒေသတွင်းနဲ့ ကမ္ဘာ့နိုင်ငံတွေရဲ့ အကျိုးအတွက်ပါ အရေးပါတဲ့ လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံကို ပျက်စီးလိုသူတွေ၊ မိမိတို့ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်လိုသူတွေနဲ့ နောက်လိုက်နောက်ပါတွေကတော့ ရွေးကောက်ပွဲကို ထောက်ခံမှာမဟုတ်ဘဲ ဆန့်ကျင်မှုတွေကို ဆက်လက်ပြုလုပ်နေမှာပဲ။

ဒီဆောင်းပါးရဲ့အစ ထရမ့်နဲ့ ဘီဘီစီတို့ရဲ့ အမှုကနေ သင်ခန်းစာယူရရင် ဗြိတိသျှအစိုးရရန်ပုံငွေနဲ့ ရပ်တည်နေတဲ့ ဘီဘီစီလို မီဒီယာကြီးလည်း မလိုရင်မလိုသလို သတင်းလိမ်တတ်တယ်ဆိုတာပါပဲ။ USAID အထောက်အပံ့ဖြတ်လိုက်လို့ ဆန့်ငင်ဆန့်ငင်ဖြစ်နေတဲ့ မြန်မာဝရမ်းပြေး နှစ်ယောက်တစ်ပိုင်း မီဒီယာလေးတွေ လိမ်ကြ၊ ညာကြတာကတော့ ဆိုဖွယ်ရာပင် မရှိတော့ဘူးပေါ့။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့ လွတ်လပ်ရေးကြိုးပမ်းကြတဲ့ ခေတ်မှာတောင် လွတ်လပ်ရေးကို ဦးမတည်ဘဲ ရေးချင်ရာရေးခဲ့ကြလို့ ဗိုလ်ချုပ်ကိုယ်တိုင်က ဆိတ်(...)စေ့သတင်းစာလို့ နာမည်ပေးခဲ့သေးတာပဲ။ ဟိုပေါင်ကြား ပြေးကပ်၊ ဒီပေါင်ကြား ပြေးကပ်နဲ့ ဘယ်လိုပဲ မဟုတ်မဟပ် ရေးခဲ့ကြပါစေ တိုင်းပြည်အတွက် စေတနာမှန်တဲ့ ဗိုလ်ချုပ်တို့ရဲ့ စွမ်းဆောင်မှုတွေကြောင့် သမိုင်းမော်ကွန်းတင်ခဲ့တာပဲ မဟုတ်ပါလား။ ။

# ဝါးခယ်မမြို့ရှိ ဒေါ်ပိုက်မိဘိုးဘွားရိပ်သာနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးများ၌ နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်မဲပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ရှိ ဒေါ်ပိုက်မိဘိုးဘွားရိပ်သာသို့ သွားရောက်၍ ရိပ်သာမှ တာဝန်ရှိသူများ၊ ဘိုးဘွားများနှင့် တွေ့ဆုံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဘိုးအဘွားများအနေဖြင့် မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်မဲပေးနိုင်ရေး၊ နိုင်ငံသားကတ်ပျောက်ဆုံး၊ ပျက်စီးပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးသို့ ပြန်လည်လျှောက်ထားရယူကိုင်ဆောင်နိုင်ရေး၊ အဘိုးအဘွားများ၏ Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ် ဆောင်ရွက်ထုတ်ပေးနိုင်ရေး၊ အဘိုးအဘွားများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ပေးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုမေးမြန်းပြီး အဘိုးအဘွားတစ်ဦးချင်းထံ အလှူငွေနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဘိုးဘွားရိပ်သာအတွက် ဆိုလာမီးများနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝါးခယ်မမြို့ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ရုံး၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံပြီး လက်ရှိနိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်နေမှု၊ မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက ကြိုးပမ်းဆောင်ရွက်နိုင်ရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်မဲပေးနိုင်ရေးနှင့် ကတ်ပျောက်ဆုံး၊ ပျက်စီးပါက သက်ဆိုင်ရာလဝကရုံးသို့ ဆက်သွယ်လျှောက်ထားဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးအတွက် ဆိုလာမီးများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။



ထို့နောက် ဝါးခယ်မမြို့ မဟာဓမ္မိကာရုံကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးအား နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါကျောင်းတိုက်ရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ လူငယ်လေးများအနက် အသက်ပြည့်မီသူ လူငယ်များအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

# လျှောက်ထားချက်များ စစ်ဆေးဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြပြီး မူပိုင်ခွင့်ပိုင်ရှင်များအတွက် တိကျသောစစ်ဆေးမှုရလဒ်များနှင့် စိတ်ကျေနပ်စေမည့် ဝန်ဆောင်မှုများပေးနိုင်ရန် ကြိုးစား

**နေပြည်တော် ဒီဇင်ဘာ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန၏ (၅) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ရုံးအမှတ် (၃) ညီလာခံခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက မူပိုင်ခွင့်ဦးစီးဌာနသည် စီးပွားရေးဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီကောင်းမွန်သော မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်ရန်ဟူသည့် ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည့် မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ယခု ၅ နှစ်တာကာလအတွင်း ဦးစီးဌာန၏ လုပ်ငန်းတာဝန်များကိုထမ်းဆောင်နိုင်ခဲ့သည့်အပြင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် ဌာနတစ်ခုဖြစ်ပါကြောင်း၊၊

လျှောက်ထား ချက်များကို စစ်ဆေး ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြပြီး မူပိုင်ခွင့်ပိုင်ရှင်များအတွက် တိကျသော စစ်ဆေးမှုရလဒ်များနှင့် စိတ်ကျေနပ်စေမည့် ဝန်ဆောင်မှုများ ပေးနိုင်ရန် ကြိုးစားသွားကြစေလိုပါကြောင်း၊ နိုင်ငံတကာ မူပိုင်ခွင့်ညီလာခံ-၂၀၂၅ ကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့် မူပိုင်ခွင့်ကဏ္ဍနှင့်စပ်လျဉ်း၍ ရလဒ်ကောင်းများ ရရှိခဲ့ပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေး ဦးတည်ချက်များ၊ ဝန်ကြီးဌာနက ချမှတ်ထားသော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ဖြစ်စေမည့် ဌာနတစ်ခုအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရန်အတွက် ခိုင်မာသော မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်၏ မူပိုင်ခွင့်စနစ်တစ်ရပ် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းနှင့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

---

# ထားဝယ်မြို့၌ မီနီမာရသွန်ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် အပတ်စဉ် (၂၉) သူနာပြု-သားဖွား ဒီပလိုမာ အောင်လက်မှတ်အပ်နှင်း

**ထားဝယ် ဒီဇင်ဘာ ၂၃**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလလှုပ်ရှားမှုအဖြစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ထားဝယ်ဒေသမီနီမာရသွန်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် စုရပ်ဖြစ်သော ထားဝယ်မြို့ မြို့တော်ခန်းမရှေ့၌ စည်ကားသိုက်မြိုက်စွာကျင်းပပြီး တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက မီနီမာရသွန် အမျိုးသား အမျိုးသမီး အားကစားသမားများအား ခရာမှုတ်၍ တာလွှတ်ပေးသည်။

ပြိုင်ပွဲတွင် မီနီမာရသွန် အမျိုးသား အမျိုးသမီး အားကစားသမားများက စုရပ်ဖြစ်သော မြို့တော်ခန်းမရှေ့မှ စတင်ကာ သတ်မှတ်လမ်းအတိုင်း ယှဉ်ပြိုင်ပြေးကြပြီး မြို့တော်ခန်းမရှေ့၌ ပန်းဝင်ကြသည်။

ပန်းဝင်သည့်နေရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက စောင့်ကြိုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်က လမ်းတစ်လျှောက်ကူညီဆောင်ရွက်ပေးသည့် ကြက်ခြေနီတပ်ဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက နှစ်သိမ့်ဆု၊ ပဉ္စမဆု၊ စတုတ္ထဆု ရရှိသူများ၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက တတိယဆုရရှိသူများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က ဒုတိယဆု ရရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆုရရှိသူများအား ငွေသားဆုနှင့် တံခွန်စိုက် ဆုဖလားများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ထားဝယ်မြို့



ထားဝယ်သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည့် အပတ်စဉ်(၂၉) သူနာပြု-သားဖွား ဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ထားဝယ်သူနာပြုသင်တန်းကျောင်းအုပ်ကြီးက သူနာပြု-သားဖွားဒီပလိုမာ အောင်လက်မှတ်များကို သူနာပြု-သားဖွား ဒီပလိုမာ အောင်လက်မှတ်ရ မောင်မယ်များထံ ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၄ ရက်

သာ လိုတော့သည်။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ‌လျောင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းနှင့် ရေကူးကန် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ‌လျောင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းနှင့် ရေကူးကန် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း အထူးတန်းပွဲကြည့်စင် ပြန်လည်ပြုပြင်နေမှု၊ VIP အခန်းမှန်များတပ်ဆင်ထားမှု၊ ဘောလုံးကွင်း ဘေးပတ်လည် Synthetic ပြေးလမ်း အခင်းခွာထုတ်ပြီးစီးမှု၊ ဘောလုံးကွင်းအတွင်းရှိ မြက်ခင်းများ စိမ်းလန်းစိုပြည်စေရေးအတွက် ရေဖျန်းစနစ်(Field Sprinkler)များကို ပေးပို့သည့် ရေတွန်းမော်တာစက်ခန်း ကောင်းမွန်စွာလည်ပတ်နေသည့် အခြေအနေ၊ ဘောလုံးကွင်းပတ်လည် ရေနုတ်မြောင်း ပြုပြင်နေမှု၊ ဒိုင်လူကြီးများ နားနေခန်း၊ အားကစားသမားများ အဝတ်လဲခန်းနှင့် Media ခန်း ပြုပြင်နေမှုနှင့် အခန်းနံရံပလာစတာ ဖာထေးပြုပြင်ပြီးစီးမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အရည်အသွေးကောင်းမွန်စေရေး၊ သတ်မှတ်စံချိန်/စံညွှန်း ပြည့်မီပြီး အချိန်မီတည်ဆောက်ပြီးစီးစေရေးတို့အတွက် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများကို စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။



ထို့နောက် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ မီတာ ၅၀ ပြိုင်ပွဲသုံး ရေကူးကန်နှင့် ဒိုင်ဗင်ကန် အောက်ခံကြမ်းခင်းနှင့် ဘေးပတ်လည် ကြွေပြားအသစ် ပြန်လည်ပြုပြင်နေမှုနှင့် ရေကူးကန်များ ရေလဲလှယ်သည့် မြေအောက်စက်ခန်း ပြုပြင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အပြင်ဘက် လေ့ကျင့်ရေး ရေကူးကန်တွင် နွေရာသီရေကူးသင်တန်းဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းပိတ်ရက် အမီ ပြီးစီးနိုင်ရေး အထူးအလေးထားဆောင်ရွက်သွားရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးစေရေးအတွက် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ပေးသွားရန် လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် ဘာသာရပ်ဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ စာအုပ်များ လှူဒါန်းပေးအပ်ပွဲကို တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း)၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း) နှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးအေးမြင့်ကြူ (ကလောင်အမည် – ချစ်ဆွေမြင့်) ရေးသားသည့် “ဒေသ Tourism ဖွံ့ဖြိုးရေး အမေးအဖြေများ” စာအုပ်များကို လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာရေးသူကိုယ်စား စာအုပ်များအား လွှဲပြောင်းပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယခုလှူဒါန်းသည့် “ဒေသ Tourism ဖွံ့ဖြိုးရေး အမေးအဖြေများ” စာအုပ်များသည် တက္ကသိုလ်များရှိ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်ဘာသာရပ်များ လေ့လာနေသူများအတွက် အခြေခံအကိုးအကား စာအုပ်များဖြစ်ပြီး အထူးသဖြင့် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုဆိုင်ရာဘွဲ့ (Bachelor of Tourism and Hospitality Management–BTHM) ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာအထောက်အကူပြုစေရန် အဓိကရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

အင်အားပြင်းမန္တလေး ငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှု ဗဟိုကော်မတီ (၄/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပရာ ရန်ပုံငွေကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး တို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။





**ဝိုင်းဝန်းဆွေးနွေး**

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှ စိစစ်တင်ပြထားသော ချေးငွေများ၏ လိုအပ်ချက်များကို အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးရာတွင် ငလျင်ချေးငွေများကို သတ်မှတ် SOP နှင့်အညီ ကိုက်ညီစေရန် နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များအရ အာမခံအဖြစ် လက်ခံသင့်သော မြေအမျိုးအစားများကို ဆုံးဖြတ်ခဲ့ကြသည်။

ထို့ပြင် အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များက ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများက ဆောင်ရွက်ရန် လိုအပ်ချက်များကို သေချာစိစစ်၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ချေးငွေထုတ်ချေးနိုင်ရေး ချေးငွေတစ်ခုချင်းအတွက် အများဆုံးထုတ်ချေးနိုင်သည့် ချေးငွေပမာဏကို ဆွေးနွေးကြပြီး ပိုမိုကောင်းမွန်သည့် ချေးငွေစိစစ်မှုမူဘောင်တစ်ရပ် ရရှိစေရန်အတွက် ဗဟိုကော်မတီ အဖွဲ့ဝင်များအား မှာကြားကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## တိမ်အနည်းငယ် ဖြစ်ထွန်း

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရာသီတုပ်ကွေးရောဂါ သတိပြုကာကွယ်ပါ

ဒေါက်တာသန်းနိုင်စိုး

## ရာသီတုပ်ကွေးရောဂါ

ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) ဆိုသည်မှာ ကမ္ဘာတစ်ဝန်းတွင် ကူးစက်ပျံ့နှံ့နေသည့် ရာသီတုပ်ကွေးဗိုင်းရပ်စ်ပိုးများကြောင့် နှစ်စဉ်ဖြစ်ပွားနေကြဖြစ်သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်သည်။ လူအများစုမှာ ငါးရက်မှ ခုနစ်ရက်အတွင်း ပြန်လည်သက်သာလာသော်လည်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တစ်နှစ်လျှင် ရောဂါပြင်းထန်စွာ ခံစားရသည့် လူနာသုံးသန်းမှ ငါးသန်းအထိရှိပြီး နှစ်စဉ်ရာသီတုပ်ကွေးရောဂါနောက်ဆက်တွဲ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြင့် သေဆုံးသူ ခြောက်သိန်းခွဲခန့်အထိရှိနေသဖြင့် ပြည်သူ့ကျန်းမာရေးအတွက် အရေးကြီးသော ကူးစက်ရောဂါတစ်ခု ဖြစ်ပါသည်။


ရာသီတုပ်ကွေးရောဂါပိုးသည် အလွန်ကူးစက်မြန်ပြီး ရောဂါပိုးရှိသူလူနာ ချောင်းဆိုး၊ နှာချေရာမှ ထွက်လာသော အစက်အမှုန်အမွှားများကို ရှူရှိုက်မိခြင်း၊ လက်ဖြင့် ဗိုင်းရပ်စ်ရှိနေသော မျက်နှာပြင်များကို ကိုင်တွယ်မိပြီးနောက် မိမိ၏မျက်လုံး၊ နှာခေါင်း သို့မဟုတ် ပါးစပ်ကို ပြန်လည်ထိတွေ့မိခြင်း၊ ရောဂါကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်းတို့မှတစ်ဆင့် ကူးစက်နိုင်ပါသည်။

## ရာသီတုပ်ကွေး ရောဂါလက္ခဏာများ

ရာသီတုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုးများသည် အသက်ရှူလမ်းကြောင်းရှိ ကလာပ်စည်းများ (epithelial cells) ထဲသို့ ဝင်ရောက်ပြီး ၎င်းတို့၏ မျိုးဗီဇကိုအသုံးချကာ အဆမတန် ပွားများစေခြင်းဖြင့် ရောဂါလက္ခဏာများကို ဖြစ်ပေါ်စေသည်။ ရောဂါလက္ခဏာများအနေဖြင့် ရောဂါပိုးနှင့် ထိတွေ့ပြီး ၁ ရက်မှ ၄ ရက်အတွင်း ရုတ်တရက်ကိုယ်ပူခြင်း၊ အဖျားကြီးခြင်း (၃၈°C သို့မဟုတ် ၁၀၀.၄°F နှင့်အထက်)၊ ချမ်းတုန်ခြင်း၊ လည်ချောင်းနာခြင်းနှင့် နှာရည်ယိုခြင်း၊ ချောင်းခြောက်ဆိုးခြင်း (ယင်းသည် ပြင်းထန်နိုင်ပြီး ရက်သတ္တနှစ်ပတ်ကျော်အထိ ကြာမြင့်နိုင်ပါသည်)၊ ကြွက်သားနှင့် အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် အလွန်အမင်း နုံးချည့်ခြင်းတို့ဖြစ်ကြပြီး ကလေးငယ်များတွင် ပျို့အန်ခြင်းနှင့် ဝမ်းလျှောခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များ၊ အသက် ငါးနှစ်အောက်ကလေးငယ်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များနှင့် နာတာရှည် ရောဂါအခံရှိသူများ (ဥပမာ-ဆီးချို၊ နှလုံး၊ ပန်းနာရင်ကျပ်၊ ကင်ဆာစသည်တို့)တွင် ရောဂါဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်ပါသည်။

## ရာသီတုပ်ကွေးဗိုင်းရပ်စ်အုပ်စုများ

ရာသီတုပ်ကွေးဗိုင်းရပ်စ်အုပ်စု (A), (B), (C) နှင့် (D) ဟူ၍ လေးမျိုးရှိသော်လည်း အမျိုးအစား (A) နှင့် (B) သည် နှစ်စဉ်ဖြစ်ပွားသော ရာသီတုပ်ကွေးကူးစက်ပျံ့နှံ့မှုများ၏ အဓိကလက်သည်ဖြစ်သည်။ အမျိုးအစား (C) သည် များသောအားဖြင့် သာမန်အအေးမိခြင်းကိုသာ ဖြစ်စေတတ်ပြီး အမျိုးအစား (D)သည် ကျွဲ၊ နွားများတွင်သာ အဓိကကူးစက်စေ၍ လူများကို ကူးစက်ခြင်း မရှိသလောက် နည်းပါးပါသည်။



အီလက်ထရွန် အဏုကြည့်မှန်ပြောင်း (Electron Microscope) ဖြင့် ရာသီတုပ်ကွေးဗိုင်းရပ်စ် A(H3N2) များကို တွေ့မြင်ရစဉ်။ (Photograph by CDC / Science Photo Library)

အမျိုးအစား (A) သည် အပြင်းထန်ဆုံးနှင့် အဖြစ်အများဆုံးဖြစ်ပြီး ယင်းသည် လူအချင်းချင်းသာမက တိရစ္ဆာန်(ဥပမာ- ကြက်၊ ငှက်၊ ဝက်)တို့ထံမှလည်း ကူးစက်နိုင်ကာ ကမ္ဘာလုံးဆိုင်ရာတုပ်ကွေးကပ်ရောဂါ(Influenza Pandemic)များ ဖြစ်စေနိုင်သော အမျိုးအစားဖြစ်သည်။ အမျိုးအစား (B)သည် အမျိုးအစား (A) လောက် မပြင်းထန်သော်လည်း အန္တရာယ်ရှိနိုင်ဆဲဖြစ်ပြီး ထိုအုပ်စုတွင် Victoria နှင့် Yamagata မျိုးနွယ်စုများ ပါဝင်သည်။

ရာသီတုပ်ကွေး ဗိုင်းရပ်စ်ပိုး အမျိုးအစား (A သည် မျိုးဗီဇပုံစံ အမြဲပြောင်းလဲနေတတ်သော ဗိုင်းရပ်စ်ဖြစ်သည်။ အဆိုပါဗိုင်းရပ်စ်၏ အပြင်ဘက်မျက်နှာပြင်တွင် ဆူးချွန်လေးများကဲ့သို့သော ပရိုတင်းများဖြစ်သည့် H နှင့် N သည် နှစ်စဉ် ပုံစံပြောင်းနေသဖြင့် လူသား၏ ကိုယ်ခံအားစနစ်က ယင်းတို့ကို အမြဲတမ်း မမှတ်မိနိုင်ပါ။ ထို့ကြောင့် ယခင်နှစ်က ရာသီတုပ်ကွေး ဖြစ်ဖူးသော်လည်း ယခုနှစ်တွင် ထပ်မံဖြစ်ပွားနိုင်ခြင်းဖြစ်ပြီး ရာသီတုပ်ကွေးကာကွယ်ဆေးကိုလည်း နှစ်စဉ်အသစ်ထပ်မံ ထိုးနှံရန် လိုအပ်ခြင်း ဖြစ်သည်။

ဗိုင်းရပ်စ်ပိုး၏ မျက်နှာပြင်ရှိ ပရိုတင်း H (Hemagglutinin)သည် ဗိုင်းရပ်စ်ကို လူ၏ဆဲလ်အတွင်းသို့ ဝင်ရောက်နိုင်အောင် တံခါးဖွင့်ပေးသည့် သော့ (Key) ကဲ့သို့ လုပ်ဆောင်ပေးသည်။ (စုစုပေါင်း H1 မှ H18 အထိရှိပါသည်)။ ပရိုတင်း N (Neuraminidase)သည် ဆဲလ်တစ်ခုအတွင်း ဗိုင်းရပ်စ်ပိုးများ ပွားများပြီးနောက် အခြားဆဲလ်သစ်များဆီသို့ "ပျံ့နှံ့သွားအောင်" ကူညီပေးသည်။ (စုစုပေါင်း N1 မှ N11 အထိ ရှိပါသည်)။ သို့ဖြစ်၍ ဥပမာအားဖြင့် ရာသီတုပ်ကွေး ဗိုင်းရပ်စ်ပိုး A H1N1 ဆိုသည်မှာ Hemagglutinin(H)အမျိုးအစား (၁)နှင့် Neuraminidase(N) အမျိုးအစား(၁)ရှိသော ရာသီတုပ်ကွေး (A) အမျိုးအစားဗိုင်းရပ်စ်ကို ဆိုလိုခြင်းဖြစ်သည်။

## ရာသီတုပ်ကွေးဗိုင်းရပ်စ်ပိုးများ၏ မျိုးရိုးဗီဇနှင့် A(H3N2) Subclade – K

ရာသီတုပ်ကွေးဗိုင်းရပ်စ်ပိုးများသည် မျိုးရိုးဗီဇအမြဲပြောင်းလဲနေကြသဖြင့် ထိုပြောင်းလဲမှုများကို သိပ္ပံပညာရှင်များက မျိုးရိုးသစ်ပင် (Family Tree) ကဲ့သို့ မျိုးစိတ်အဆင့်ဆင့် ခွဲခြားသတ်မှတ်ကြရာ မူလဗိုင်းရပ်စ်၏ မိသားစုသစ်ပင်မှ ထွက်လာသော "အကိုင်းအခက်" သို့မဟုတ် "မျိုးနွယ်စု"ကို Clade သို့မဟုတ် Subclade ဟု ခေါ်ဆိုပါသည်။ ယခု မီဒီယာများတွင် ဖော်ပြနေသည့် K ဗိုင်းရပ်စ်ဆိုသည်မှာ A(H3N2)၏ မျိုးနွယ်စုသစ်တစ်ခု A(H3N2) Subclade K ကို အစွဲပြု၍ခေါ်ဆိုခြင်းဖြစ်၍ ယင်းသည် ရာသီတုပ်ကွေး ဗိုင်းရပ်စ်ပိုးအသစ် ပေါ်ပေါက်လာခြင်း မဟုတ်ဘဲ မူလရှိပြီးသား ရာသီတုပ်ကွေးဗိုင်းရပ်စ် A(H3N2)၏ မျိုးနွယ်စုသစ်တစ်ခုသာဖြစ်ပါသည်။

Subclade K ကဲ့သို့သော မျိုးနွယ်စုသစ်များသည် ယခင်ရှိပြီးသား ကိုယ်ခံအား သို့မဟုတ် ကာကွယ်ဆေးဟောင်းများကို ရှောင်ကွင်းနိုင်စွမ်း ပိုရှိလာတတ်သောကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အနေဖြင့် အမြဲစောင့်ကြည့်နေရခြင်းဖြစ်ပြီး လက်ရှိအချက်အလက်များအရ Subclade K ဗိုင်းရပ်စ်များနှင့်စပ်လျဉ်း၍ ရောဂါပြင်းထန်မှု ပိုမိုဆိုးရွားလာသည့် လက္ခဏာကိုမူ တွေ့ရှိရခြင်း မရှိသေးကြောင်း သိရပါသည်။

## ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု အခြေအနေ

ကမ္ဘာလုံးဆိုင်ရာ ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ အစီရင်ခံစာအရ ၂၀၂၅ ခုနှစ် စက်တင်ဘာလမှစတင်၍ အာရှဒေသအပါအဝင် တစ်ကမ္ဘာလုံးတွင် တုပ်ကွေးကူးစက်မှု မြင့်တက်လာသော်လည်း ယင်းသည် နှစ်စဉ်ဖြစ်ပွားနေကျအခြေအနေထက် ပိုမိုပြင်းထန်ခြင်း မရှိကြောင်း၊ ယခုနှစ်တွင် Influenza A(H3N2) ဗိုင်းရပ်စ်မှာ အဓိကပျံ့နှံ့နေပြီး ယင်း၏မျိုးနွယ်စုသစ် ဖြစ်သော Subclade K ကိုလည်း ကမ္ဘာ့နိုင်ငံ ၃၄ နိုင်ငံတွင် တွေ့ရှိထားကြောင်း သိရသည်။

Influenza A (H3N2)သည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်ကတည်းက ကမ္ဘာပေါ်တွင် စတင်ပျံ့နှံ့ခဲ့ပြီး ယနေ့တိုင် ရာသီတုပ်ကွေးဗိုင်းရပ်စ်ပိုးအဖြစ် တည်ရှိနေခြင်းဖြစ်သည်။ အဆိုပါ ရာသီတုပ်ကွေး ဗိုင်းရပ်စ်ကို ၁၉၆၈ ခုနှစ် ဇူလိုင်လတွင် ဟောင်ကောင် (တရုတ်နိုင်ငံ) ၌ ပထမဆုံးအကြိမ် စတင်တွေ့ရှိခဲ့ပြီး "Hong Kong Flu" ဟု လူသိများခဲ့သည်။ အခြားသော ရာသီတုပ်ကွေးရောဂါပိုးဟောင်းများ (ဥပမာ- H2N2)မှာ ပျောက်ကွယ်သွားသော်လည်း H3N2 မှာမူ နှစ်ပေါင်း ၅၇ နှစ် ကြာသည့်တိုင် ဆက်လက်ရှင်သန်နေဆဲဖြစ်ခြင်းမှာ မျိုးရိုးဗီဇကို အလွန်လျင်မြန်စွာပြောင်းလဲနိုင်စွမ်းရှိခြင်းကြောင့် ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် Influenza A (H3N2) Subclade K ကဲ့သို့သော မျိုးနွယ်စုသစ်များအထိ ဆင့်ကဲပြောင်းလဲခြင်းဖြစ်ပါသည်။ သို့ရာတွင် ထိုသို့ ဗိုင်းရပ်စ်၏မျိုးဗီဇပြောင်းလဲတိုင်း ယင်းနှင့်ကိုက်ညီသော ကာကွယ်ဆေးကို နှစ်စဉ်ပြန်လည် အချိန်မီထုတ်လုပ်နိုင်သည်ဖြစ်၍ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကဲ့သို့ မိဘပြည်သူများအနေဖြင့် အထူးတလည် စိုးရိမ်စရာမလိုအပ်သည့် အခြေအနေဖြစ်ပါသည်။

မိမိတို့ မြန်မာနိုင်ငံ၏ လက်ရှိ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေအရ ၂၀၂၅ ခုနှစ် စက်တင်ဘာလမှစတင်၍ မူလ Influenza A (H3N2) ပိုးမှာ အဓိကပျံ့နှံ့နေသည့် ရာသီတုပ်ကွေး ဗိုင်းရပ်စ်ပိုးအဖြစ်တွေ့ရှိနေရသော်လည်း ဤပိုးအမျိုးအစားသည် ယခင်နှစ်များကတည်းကပင် မြန်မာနိုင်ငံ၌ ရှိနေပြီးသားဖြစ်၍ ပြည်သူလူထုအတွင်း ကိုယ်ခံစွမ်းအား အသင့်အတင့် ရှိနေပြီးဖြစ်ပါသည်။

## ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ

ကျန်းမာရေးဝန်ကြီးဌာနက ရာသီတုပ်ကွေးရောဂါပိုးအမျိုးမျိုး

စာမျက်နှာ ၁၁ သို့

❍ ယခု မီဒီယာများတွင်ဖော်ပြနေသည့် K ဗိုင်းရပ်စ်ဆိုသည်မှာ A(H3N2)၏ မျိုးနွယ်စုသစ်တစ်ခု A(H3N2) Subclade K ကို အစွဲပြု၍ ခေါ်ဆိုခြင်းဖြစ်၍ ယင်းသည် ရာသီတုပ်ကွေး ဗိုင်းရပ်စ်ပိုးအသစ် ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ မူလရှိပြီးသား ရာသီတုပ်ကွေးဗိုင်းရပ်စ် A(H3N2)၏ မျိုးနွယ်စုသစ်တစ်ခုသာဖြစ်

❍ မိဘပြည်သူများအနေဖြင့် ယခုကဲ့သို့ဆောင်းရာသီအချိန်ကာလတွင် ဖြစ်ပွားမှုများပြားလေ့ရှိသည့် ရာသီတုပ်ကွေးရောဂါအမျိုးမျိုးနှင့် ယခုမီဒီယာများတွင် ဖော်ပြနေသည့် K ဗိုင်းရပ်စ်ဆိုသည်နှင့် စပ်လျဉ်း၍ အထူးတလည် စိုးရိမ်ကြောင့်ကြရန်မလိုဘဲ ကျန်းမာရေးဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာလျက်ရှိသည့် ကျန်းမာရေးအသိပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်၍ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိစွာဖြင့် ရောဂါကာကွယ်ရေးနည်းလမ်းများကို သတိပြုဆောင်ရွက်

# ပြည်မြို့၌ တောင်သူလယ်သမားစိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်း(၃/၂၀၂၅) ဖွင့်လှစ်




**ပြည် ဒီဇင်ဘာ ၂၃**

တောင်သူလယ်သမားစိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်း(၃/၂၀၂၅) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဇီးအုပ် တောင်သူလယ်သမားသင်တန်းကျောင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများ၊ ပြည်ခရိုင်နှင့် နတ်တလင်းခရိုင်တို့မှ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်သည့် လယ်ယာလုပ်ငန်းခွင်တွင် အတွေ့အကြုံရှိသော်လည်း ပြောင်းလဲလာသည့် ရာသီဥတုကြောင့် မြေဆီလွှာ၊ မျိုးစေ့နှင့် ပိုးမွှားရောဂါဆိုင်ရာ ပြဿနာများကြောင့် သီးနှံအထွက်နှုန်း လျော့နည်းထိခိုက်စေနိုင်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ကျေးလက်နေပြည်သူများ၏ လယ်ယာစီးပွားရေးလုပ်ငန်းများကို ခေတ်မီဆန်းသစ်၍ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများနှင့် ဆက်စပ်သည့်အသိပညာနှင့် ဗဟုသုတများ ကြွယ်ဝလာစေရန်နှင့် တောင်သူတစ်ဦးချင်း၏ဝင်ငွေ တိုးတက်ပြီး အကျိုးစီးပွားမြင့်မားလာစေရန် ရည်ရွယ်ပြီး တောင်သူပညာပေး စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေရရှိရေးနည်းလမ်းများ၊ လယ်ယာသုံးစက်ကိရိယာ အသုံးပြုမှု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် တိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အင်တိုက်အားတိုက်ဆောင်ရွက်ကာ စိုက်ပျိုးရေး အခြေခံစက်မှုနိုင်ငံအဆင့်သို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားပြီး တက်ရောက်လာသည့် တောင်သူများအား မြန်မာ့မျိုးရင်းမှန် စားဖိုဆောင် သီးနှံမျိုးစေ့များ ချီးမြှင့်ပေးအပ်သည်။

အဆိုပါ တောင်သူလယ်သမား စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်းကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိဖွင့်လှစ်၍ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး၊ လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေရိုင်းများ ဥပဒေ၊ နေကြာသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဆည်ရေအား အကျိုးရှိရှိအသုံးချနိုင်ရေး၊ သဘာဝမြေဩဇာ ထုတ်လုပ်သုံးစွဲနည်း၊ အပင်ပိုင်းမျိုးပွားခြင်း၊ ကြံစိုက်စက်ဖြင့် ကြံစိုက်ပျိုးခြင်း၊ ဝါမျိုးကောင်းမျိုးသန့် ရွေးချယ်ခြင်း၊ တစ်ပိုင်တစ်နိုင် မျိုးထိန်းသိမ်းနည်း၊ ဘဲမွေးမြူရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိုက်ပျိုးသီးနှံများတွင် ကျရောက်တတ်သော ဖျက်ပိုးကာကွယ်နှိမ်နင်းခြင်းဆိုင်ရာများကို စာတွေ့ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံခြားငွေကြေးဈေးကွက် တည်ငြိမ်မှုရှိစေရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုအပ်



**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးနှင့် အထက်မြန်မာပြည်အတွင်းရှိ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချ လဲလှယ်ပေးခွင့် လိုင်စင်ရကုမ္ပဏီများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)၌ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက နိုင်ငံခြားငွေများ ဝယ်ယူရောင်းချ လဲလှယ်ပေးခွင့်လိုင်စင်ရကုမ္ပဏီများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်နိုင်ရေး၊ စည်းကမ်းလိုက်နာမှုမရှိသော ကုမ္ပဏီများအနေဖြင့် အရေးယူခံရနိုင်သည့် အခြေအနေ၊ ထုတ်ပြန်ထားသော နိုင်ငံခြားငွေများ ဝယ်ယူရောင်းချ လဲလှယ်ပေးခွင့် လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်(၅/၂၀၂၄) အတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်သည့် ကိစ္စရပ်များ၊ နိုင်ငံခြားငွေကြေးဈေးကွက် တည်ငြိမ်မှု ရှိစေရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်သည့်ကိစ္စရပ်များနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ လိုင်စင်ရကုမ္ပဏီများမှ နေ့စဉ်စာရင်းများပေးပို့နေသည့် MC Application နှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့် လိုင်စင်ရကုမ္ပဏီများက လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြပြီး သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

ကူးစက်ဖြစ်ပွားမှုကို သိရှိစေရေးအတွက် တုပ်ကွေးဆန်သောလက္ခဏာများနှင့် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများ စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းအား ပြည်သူ့ဆေးရုံ ၂၄ ရုံ၌ လူနာများထံမှ ဓာတ်ခွဲနမူနာများ အပတ်စဉ်ရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)တွင် ဓာတ်ခွဲစစ်ဆေးခြင်းအား ဆောင်ရွက်လျက်ရှိရာ ဓာတ်ခွဲစစ်ဆေးချက်များအရ ယနေ့အထိ Influenza A (H3N2) Subclade K ကို မြန်မာနိုင်ငံတွင် တွေ့ရှိခြင်းမရှိကြောင်း သိရသည်။ ထို့ပြင် ပြည်သူ့ဆေးရုံများတွင် တက်ရောက်လာသူများတွင် ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းစဉ်အရ ပြင်းထန်ရာသီတုပ်ကွေးဖြစ်ပွားသူ အရေအတွက်မှာ နှစ်စဉ် သာမန်ဖြစ်ပွားလေ့ရှိသည့် အရေအတွက်တွင်သာရှိကြောင်း တွေ့ရသည်။

### ပြင်းထန်ရောဂါလက္ခဏာများ

ရာသီတုပ်ကွေးရောဂါသည် သာမန်အားဖြင့် ၅ ရက်မှ ၇ ရက်ခန့်အတွင်း ပြန်လည်သက်သာသွားလေ့ရှိသော်လည်း အောက်ပါပြင်းထန်သော လက္ခဏာများကို ခံစားရပါက ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပြသပြီး အရေးပေါ်ကုသမှုခံယူရပါမည်-

- အသက်ရှူရခက်ခဲခြင်း၊ အသက်ရှူရသည်မှာ မဝသကဲ့သို့ ဖြစ်ခြင်း၊ အသက်ရှူနှုန်း အလွန်မြန်ခြင်း သို့မဟုတ် အသက်ရှူလျှင် မောဟိုက်နေခြင်း၊
- ရင်ဘတ်အောင့်ခြင်း၊ ရင်ဘတ်အတွင်း တင်းကျပ်နေခြင်း သို့မဟုတ် အသက်ရှူသွင်း၊ ရှူထုတ်သည့်အခါတွင် နာကျင်ခြင်း၊
- ချောင်းဆိုးရာတွင် သလိပ်ထဲ၌ သွေးပါလာခြင်း သို့မဟုတ် အဝါရောင်၊ အစိမ်းရောင် သလိပ်များ အလွန်အများထွက်လာခြင်း၊
- အဖျား လုံးဝမကျခြင်း သို့မဟုတ် အဖျားပြန်တက်လာခြင်း (အထူးသဖြင့် အဖျားကျသွားပြီးမှ ပြန်တက်လာခြင်း)
- အဖျားကြီး၍တက်ခြင်း၊ သတိလစ်ခြင်း၊
- ကလေးငယ်များတွင် အသက်ရှူလျှင် ရင်ဘတ်ချိုင့်ဝင်ခြင်း (အသက်ရှူရခက်ခဲသောကြောင့် နံရိုးကြားများ ချိုင့်ဝင်သည်အထိ အားစိုက်ရှူနေရခြင်း)
- အစာ သို့မဟုတ် ရေကို လုံးဝမစားသောက်ခြင်းတို့ဖြစ်ပါသည်။

အထက်ဖော်ပြပါ ပြင်းထန်ရောဂါလက္ခဏာများ ပေါ်ပေါက်ပါက ခံစားရပါက ပြည်သူ့ဆေးရုံများတွင် ရာသီတုပ်ကွေးရောဂါအမျိုးမျိုးအတွက် ထိရောက်သော ရောဂါကုသဆေးနှင့် ရောဂါကုထုံးများရှိပြီးဖြစ်၍ အချိန်မီရောက်ရှိပါက ရောဂါမှ အပြည့်အဝ ပြန်လည်ကောင်းမွန်လာသည်အထိ ဆေးကုသစောင့်ရှောက်မှုများ ပေးအပ်နိုင်မည် ဖြစ်ပါသည်။

### ရာသီတုပ်ကွေးရောဂါ သတိပြု ကာကွယ်ပါ

ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် **“ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းမွန်သည်”** ဖြစ်သည်နှင့်အညီ မိဘပြည်သူများအနေဖြင့် ရောဂါကာကွယ်ရေးနည်းလမ်းများ ဖြစ်သည့်-

- ဆပ်ပြာ၊ ရေ သို့မဟုတ် ရေမလို လက်သန့်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊
- ဖျားနာခြင်းအစရှိသော သံသယလက္ခဏာရှိသူများအနေဖြင့် နှာချေချောင်းဆိုးခြင်း ခံစားနေရပါက ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ခြင်း၊ ပါးစပ်နှာခေါင်းစည်း မဝတ်ခင်အချိန်တွင် နှာချေ၊ ချောင်းဆိုးပါက တစ်ရှူး သို့မဟုတ် တံတောင်ကွေးဖြင့် အုပ်၍ဆိုးခြင်း၊
- ရောဂါပြင်းထန်စွာခံစားရနိုင်ခြေရှိသူများ ဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်များ၊ အသက်ငါးနှစ်အောက် ကလေးငယ်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များနှင့် နာတာရှည်ရောဂါအခံရှိသူများသည် ရောဂါပိုးကူးစက်ခြင်းခံရသူ သို့မဟုတ် သံသယလူနာများနှင့် တတ်နိုင်သရွေ့ အနီးကပ် ထိတွေ့မှုမပြုခြင်း၊
- ရောဂါပြင်းထန်စွာ ခံစားရနိုင်ခြေရှိသူများသည် နှစ်စဉ်နှစ်အလိုက် ထွက်ရှိသည့် ရာသီတုပ်ကွေးကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ယခုကဲ့သို့ဆောင်းရာသီအချိန်ကာလတွင် ဖြစ်ပွားမှုများပြားလေ့ရှိသည့် ရာသီတုပ်ကွေးရောဂါအမျိုးမျိုးနှင့် ယခုမီဒီယာများတွင် ဖော်ပြနေသည့် K ဗိုင်းရပ်စ် ဆိုသည်နှင့် စပ်လျဉ်း၍ အထူးတလည် စိုးရိမ်ကြောင့်ကြရန်မလိုဘဲ ကျန်းမာရေးဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာလျက်ရှိသည့် ကျန်းမာရေးအသိပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်၍ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိစွာဖြင့် ရောဂါကာကွယ်ရေး နည်းလမ်းများကို သတိပြုဆောင်ရွက်ကြပါရန် ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မုံရွာမြို့၌ တတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာထားရှိမှု ကြည့်ရှု

**မုံရွာ ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ တတိယ အကြိမ် မဲစာရင်းများ ကပ်ထားကြေညာထားရှိမှုကို ကြည့်ရှုကြပြီး (ယာပုံ) ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်အတူ မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် အောင်ချမ်းသာဈေးအနီးရှိ ဗိုလ်ချုပ်လမ်းမကြီးပေါ်၌ ဖြတ်သန်းသွားလာကြသည့် မော်တော်ယာဉ်များနှင့် ပြည်သူများ၊ အောင်ချမ်းသာဈေးအတွင်းရှိ ဈေးသည်များနှင့် ဈေးသွားဈေးလာများအား "ဒို့အတူတူမဲပေးကြမယ်" စတစ်ကာများနှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး (၇/၂၀၂၅) သို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် တိုင်းဒေသကြီးတာဝန်ခံက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**



---

❍ *ကျောဖုံးမှ*

ထူးခြားသည့် ပန်းပြကွက်အနေဖြင့် သုံးဖက်မြင်ပန်းပြကွက်သုံးခုကို ရန့်မွှေးလီလီပန်း၊ နေကြာပန်း၊ ဟော်လန် ဂန္ဓမာပန်းတို့ဖြင့် အလှဆင်ပြသထားပြီး အဆိုပါပန်းပြကွက်များအတွင်း ၃၆၀ ဒီဂရီ မြင်ကွင်းပုံစံဖြင့် ပန်းများကို အနီးကပ် ထိတွေ့ခံစား၍ အလှဓာတ်ပုံများ ရိုက်ကူးနိုင်မည်ဖြစ်သောကြောင့် ပန်းပွဲတော်ကို Immersive Flowers Festival ဟု အမည်ပေးတင်စားထားသည်။

ပန်းပွဲတော် ကာလအတွင်း တေးဂီတ ဖျော်ဖြေမှုများဖြင့်ပါ တင်ဆက်လျက်ရှိပြီး လွတ်လပ်ရေးနေ့၊ ခရစ္စမတ်နေ့၊ နိုင်ငံတကာနှစ်သစ်ကူးနေ့နှင့် ဆက်စပ်ရုံးပိတ်ရက်များတွင်လည်း နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် ပတ်ဝန်းကျင်နှင့် သစ်တောထိန်းသိမ်းရေးဆိုင်ရာ ဗဟုသုတတိုးပွား ရရှိစေရန် သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ အသိပညာပေး ပြခန်းတစ်ခုကို ပွဲတော်ကာလအတွင်း ဖွင့်လှစ်ပေးထားသည်။ လေ့လာလိုသူများအတွက် ပန်းမျိုးစိတ်များ၊ သဘာဝသစ်ပင်၊ ပန်းပင်များ ထိန်းသိမ်းထားရှိမှုအပြင် မူရင်းပန်းမျိုးများ၊ စပ်မျိုးပန်းပင်များနှင့် စုဖွဲ့စိုက်ပျိုးခင်းကျင်းပြသထားခြင်း၊ အင်ကြင်းကျောက်ပြတိုက်၊ ရွှံ့ညွန်ဖြတ်လျှောက်တံတား၊ သဘာဝငှက်ဥယျာဉ်နှင့် လိပ်ပြာပြတိုက်တို့ကိုလည်း ပြသထားသည်။



ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် (ရုက္ခဗေဒဥယျာဉ်) သည် နှစ်ပေါင်း ၁၀၀ ကျော် ကြာမြင့်ပြီး မြန်မာနိုင်ငံ၏ အထိမ်းအမှတ် (Landmark) တစ်ခုဖြစ်ကာ ရေပြင်ဧရိယာ ဧက ၇၀ အပါအဝင် အကျယ်အဝန်း ၄၃၆ ဒသမ ၃၆ ဧကရှိကာ ရုက္ခဗေဒဆိုင်ရာ တန်ဖိုးမြင့်မားသည့် သစ်ပင်ပန်းမန်များနှင့် ရေအရင်းအမြစ်တို့ကို ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းဖြစ်၍ ဒေသ၏ အပန်းဖြေလေ့လာရန် ကောင်းမွန်သည့် နေရာတစ်ခုဖြစ်သည်။

ပန်းပွဲတော်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သိန်းပြည့်**

---

❖ *ကျောဖုံးမှ*

လူနာ နှစ်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်မှ ၅၄ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် လမ်းမတော်မြို့နယ်နေ ၅၈ နှစ်အရွယ် အမျိုးသမီးတို့ဖြစ်ပြီး အဆိုပါခြင်ဆီအစားထိုးကုသခြင်း (Bone Marrow Transplant) ကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုကြီး/သူနာပြုများ၊ အထောက်အကူပြုဝန်ထမ်းများအားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ် ယခုအချိန်အထိ ၁၀ ဦး စုစုပေါင်း ၂၅ ဦးကို ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများကျန်းမာရေးကုန်ကျစရိတ်သက်သာစေရေးအတွက် ပြည်တွင်းမှာပင် ခြင်ဆီအစားထိုး ကုသခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရပ်စောက်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များ လေလံတင်ရောင်းချ

**ရပ်စောက် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်နှင့် အင်တောမြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်နှင့် သားသတ်လုပ်ငန်းလိုင်စင်များကို ယမန်နေ့က ရပ်စောက်မြို့ ရဿဝတီခန်းမ၌ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသည်။

အဆိုပါအခမ်းအနားတွင် ရပ်စောက်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့် မြို့နယ်လေလံရောင်းချရေးကြီးကြပ်မှုအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးသက်အောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မိုးထွန်းက အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်နှင့် သားသတ်လုပ်ငန်းလိုင်စင်များ ဈေးပြိုင်/သက်တမ်းတိုးစနစ်ဖြင့် လေလံတင်ရောင်းချခြင်းကိစ္စရပ်များကို ရှင်းလင်းကာ လေလံရောင်းချမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

❂ *ကျောဖုံးမှ*

ပွဲအစပိုင်းကတည်းက ဘိုလော့ဂ်နာအသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့သော နာပိုလီအသင်းသည် ပိုလီတာနို၏ ဖန်တီးပေးမှုကို တောင်ပံတိုက်စစ်ကစားသမား ဒေးဗစ်နီရက်စ်က သွင်းဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည့်အတွက် ပွဲချိန် ၃၉ မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးပမ်းလာသော ဘိုလော့ဂ်နာအသင်းသည် အသင်းကစားသမားများ၏ အဆုံးသတ်ပိုင်း လိုအပ်ချက်ရှိနေသည့်အတွက် အချည်းနှီးဖြစ်ခဲ့ရသည်။

ဒုတိယပိုင်းတွင်လည်း နာပိုလီအသင်းကသာ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများနှင့်အတူ ပွဲကို ဆက်လက်ထိန်းချုပ်ကစားနိုင်ခဲ့သည်။ နာပိုလီအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ဒေးဗစ်နီရက်စ်ကပင် သွင်းယူပေးနိုင်ခဲ့သည်။ နာပိုလီအသင်းသည် ဘိုလော့ဂ်နာအသင်းကို အနိုင်ယူဗိုလ်စွဲနိုင်ခဲ့သည့်အတွက် ၂၀၁၄ ခုနှစ်နောက်ပိုင်း စူပါဖလားကို တစ်ကျော့ပြန် ဆွတ်ခူးနိုင်ခဲ့သည်။

မန်ယူကွင်းလယ်ကစားသမားဟောင်း စကော့သ်တွန်မီနေးသည် နာပိုလီအသင်းနှင့် ဒုတိယမြောက်ဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ဘိုလော့ဂ်နာအသင်းသည် ဆီမီးဖိုင်နယ်တွင် နာမည်ကြီး အင်တာမီလန်အသင်းကို ဖြတ်ကျော်နိုင်ခဲ့သော်လည်း ဗိုလ်လုပွဲတွင် နာပိုလီအသင်းကို ထပ်မံကျော်ဖြတ်နိုင်ခြင်းမရှိသည့်အတွက် ဖလားဆွတ်ခူးခွင့်နှင့် လွဲချော်ခဲ့သည်။

**အောင်ဇော်**

---

- ■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (၁၀၁)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲနှင့် ပိုစတာပြပွဲကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ ၂၃**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၁၀၁) နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲနှင့် ပိုစတာပြပွဲကို ယမန်နေ့က အဆိုပါ တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဧည့်သည်တော်များနှင့် ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



စာတမ်းဖတ်ပွဲနှင့် ပိုစတာပြပွဲတွင် ဒုတိယဝန်ကြီးက ၁၉၂၄ ခုနှစ်တွင် စိုက်ပျိုးရေး ကောလိပ်နှင့် သုတေသနဗိမာန်အဖြစ် ဖွင့်လှစ်ခဲ့ပြီး စိုက်ပျိုးရေးပညာရပ် သင်ကြားသင်ယူမှုနှင့် သုတေသနဖွံ့ဖြိုးမှုတို့ တစ်ပြိုင်တည်း စတင်ခဲ့သည့်နည်းတူ တက္ကသိုလ်နှင့် သုတေသနတို့သည် ခွဲခြားမရသည်မှာ အထင်အရှား ဖြစ်ပါကြောင်း၊ ရေမြေရာသီဥတု၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေသော စိုက်ပျိုးဖြစ်ထွန်းမှုအတွက် စမ်းသပ်လေ့လာမှုများ၊ သုတေသနများကို စနစ်တကျ လုပ်ဆောင်နိုင်မှသာ စိုက်ပျိုးထုတ်လုပ်သူများအတွက် ထိရောက်အကျိုးရှိသည့် နည်းပညာများ၊ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုဆိုင်ရာ မှန်ကန်သည့် အကြံပြုချက်များ ရရှိစေမည်ဖြစ်ပြီး သွင်းအားစုနှင့် အရင်းအမြစ်များကိုလည်း အလေအလွင့်မရှိ အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်ကြားပို့ချမှုများနှင့် ဘွဲ့ဒီဂရီပေးအပ်မှုတွင်သုတေသနကိုအဓိကထားဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဆင့်မီ သုတေသနများ ဆောင်ရွက်နိုင်မှုအတွက်လည်း များစွာဂုဏ်ယူရပါကြောင်း၊ သုတေသနတွေ့ရှိချက်များကို လက်တွေ့ဘဝတွင် မှန်မှန်ကန်ကန် အသုံးချနိုင်ရေးကို အထူးဂရုပြုဆောင်ရွက်ရန်လိုကြောင်း၊ စားရေရိက္ခာ တိုးတက်ထုတ်လုပ်နိုင်စေရန် နည်းပညာများ တိုးတက်ရှာဖွေခြင်းနှင့် နည်းပညာဖြန့်ဝေပေးခြင်းစသော ဝန်ဆောင်မှုလုပ်ငန်းများကို စေတနာအပြည့်ဖြင့် ဆက်လက်လုပ်ဆောင်ပေးကြရန်နှင့် မိမိတို့လုပ်ဆောင်လျက်ရှိသည့် ကောင်းမွန်သောအလုပ်ကို သံသယကင်းရှင်းစွာ ဂုဏ်ယူစိတ်အပြည့်ဖြင့် လုပ်ဆောင်နိုင်ရန်၊ နိုင်ငံ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် သုတေသနစွမ်းရည်ဖြင့် လက်တွေ့အကျိုးပြု ထိရောက်သော နည်းလမ်းများကို ဆက်လက်ဆန်းစစ်ရှာဖွေနိုင်ကြစေရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သုတေသနပြပွဲအတွင်း ခင်းကျင်းပြသထားသည့် ပိုစတာ ၅၅ စောင်နှင့် သုတေသနဆောင်ရွက်ထားရှိသည့် ရလဒ်များအား ကြည့်ရှုအားပေးသည်။

ယနေ့ ကျင်းပသည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၁၀၁)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲတွင် စိုက်ပျိုးရေးပညာရှင်များနှင့် သုတေသီများက စာတမ်းခြောက်စောင် တင်သွင်းဖတ်ကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဟားခါးတက္ကသိုလ်၌ ခရစ္စမတ်အကြို ဆုတောင်းခြင်းအခမ်းအနားကျင်းပ



**နေပြည်တော်  ဒီဇင်ဘာ ၂၃**

ဟားခါးတက္ကသိုလ်က ကြီးမှူး၍ ၂၀၂၅ ခုနှစ် ခရစ္စမတ်အကြို ဆုတောင်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ တက္ကသိုလ် သုံးထပ်ဆောင် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပါစတာဇနှင်းထန်၏ ဆုတောင်းမှုဖြင့် အခမ်းအနား ဖွင့်လှစ်ပြီး ဟားခါးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနွယ်သင်းနီက ကျေးဇူးတင်စကား ပြောကြားကာ အထူးဆုတောင်း ပေးစေလိုသည့် အချက်များကို တင်ပြသည်။

ထို့နောက် သိက္ခာတော်ရ ဆရာတော် ဒေါက်တာ စတင်ဗင်လျန်ဟုပ်လင်းက ခရစ္စမတ်အထူး ဆုတောင်းမှုပြုလုပ်ပြီး ဟားခါးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က ဆရာတော် နှစ်ပါးအား ခရစ္စမတ်လက်ဆောင် ပေးအပ်ကာ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

အဆိုပါ အခမ်းအနားသို့ ဟားခါးတက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် သင်ကြားစီမံအရာထမ်း၊ အမှုထမ်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများ တိုးချဲ့ပြေးဆွဲမည်

**နေပြည်တော်  ဒီဇင်ဘာ ၂၃**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားလမ်းပိုင်းများ ပိုမိုကောင်းမွန်လာခြင်း၊ အချက်ပြစနစ် ပိုမိုခေတ်မီလာခြင်းနှင့်အတူ ခေတ်မီစက်ခေါင်းနှင့် လူစီးတွဲများ အသုံးပြုလာနိုင်ခြင်းကြောင့် ရန်ကုန်-မန္တလေး အဓိကရထားလမ်းပိုင်း၌ ရထားအမြန်နှုန်းများ တိုးမြှင့်ပြီး ပြေးဆွဲချိန်လျှော့ချနိုင်ခဲ့သဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်ရန် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လည်းကောင်း၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်းတို့တွင် လေအိတ်ရထားတွဲဆိုင်းများဖြင့်လည်းကောင်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ ကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြားသဖြင့် ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။




| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၂၅.၁၂.၂၀၂၅ | DEMU (စပိန်) အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၂ | ။ | DEMU (စပိန်) အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၃ | ။ | လေအိတ် အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၄ | ။ | လေအိတ် အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၅ | ၂၈.၁၂.၂၀၂၅ | DEMU (စပိန်) အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၆ | ။ | DEMU (စပိန်) အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၇ | ။ | လေအိတ် အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၈ | ။ | လေအိတ် အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |

အထက်ပါနေ့ရက်များအလိုက် အထူးရထားများအပြင် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများတွင်လည်း ဝန်ချိန်ပြည့်တွဲဆိုင်းများ ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရထားလက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် အထက်တန်းလက်မှတ်ကို သုံးရက် ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်း လက်မှတ်ကို တစ်ရက် ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ ထို့ပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန်လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ရထားများအတွက် ကြိုတင်လက်မှတ်များ ရောင်းချရာတွင် ငါးရက် ကြိုတင်ပြီး ဖုန်း ၀၉၈၈၀၉၄၂၆၀၀ (နေပြည်တော်)၊ ၀၉၈၈၀၉၄၂၆၀၁ (ပျဉ်းမနား)၊ ၀၉၈၈၀၉၄၂၆၀၈(ရန်ကုန်) တို့အား ကြိုတင်Booking ပြုလုပ်၍ MMQR Code ဖြင့် အသုံးပြုကာ ငွေပေးချေခြင်း၊ တန်းစီခရီးသည်များ လက်မှတ်ဝယ်ယူရာတွင်လည်း လက်မှတ်ခကို ငွေသားအပြင် MMQR Code အသုံးပြု၍ ငွေပေးချေခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**

# Trump-class တိုက်ခိုက်ရေးစစ်သင်္ဘောများ တည်ဆောက်မည့်အစီအစဉ်ကို ဒေါ်နယ်ထရမ့် ထုတ်ဖော်ပြောကြား

နယူးယောက် ဒီဇင်ဘာ ၂၃

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ရေတပ်စစ်သင်္ဘောအုပ်စုသစ်တစ်စုတည်ဆောက်မည့် အစီအစဉ်များကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**




ဒေါ်နယ်ထရမ့်သည် ရေတပ်အတွက် Trump-class တိုက်ခိုက်ရေးစစ်သင်္ဘောနှစ်စင်း စတင်တည်ဆောက်ရန် ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း ဖလော်ရီဒါပြည်နယ်တွင် ဒီဇင်ဘာ ၂၂ ရက်က သတင်းထောက်များကို ပြောကြားလိုက်သည်။ ထို့အပြင် ထရမ့်သည် သင်္ဘောများ ဒီဇိုင်းရေးဆွဲရာတွင် ပါဝင်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါသင်္ဘောများကို နောက်ဆုံးပေါ်ခေတ်မီလက်နက်များ တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောသည်။

ယင်းစစ်သင်္ဘောများကို အမေရိကန်ပြည်ထောင်စုတွင် တည်ဆောက်သွားမည်ဖြစ်ပြီး အချိန် နှစ်နှစ်ခွဲခန့် ကြာမြင့်နိုင်ကြောင်း ထရမ့်က ပြောသည်။ ရွှေရောင်ရေတပ်စုဟု အမည်ပေးထားသော အင်အားစုတစ်ရပ်ပေါ်ထွက်လာစေရန် အဆိုပါစစ်သင်္ဘော ၂၅ စင်းဝန်းကျင်အထိ တည်ဆောက်သွားရန် စီစဉ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သင်္ဘောတည်ဆောက်ရေး လုပ်ငန်းသည် ဟောင်းနွမ်းနေသည့် အခြေခံအဆောက်အအုံများနှင့် အခြားသော အကြောင်းရင်းများကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း အမေရိကန်မီဒီယာတစ်ခုက ထောက်ပြပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**

# ဆိုမာလီယာနိုင်ငံ၌ လူပေါင်း လေးသန်းကျော် မိုးခေါင်ရေရှားမှုနှင့် ရင်ဆိုင်ကြုံတွေ့နေ

**နယူးယောက် ဒီဇင်ဘာ ၂၃**

ဆိုမာလီယာနိုင်ငံ၌ လူဦးရေ၏ လေးပုံတစ်ပုံခန့်ရှိသော လူပေါင်း ၄ ဒသမ ၆ သန်းကျော်မှာ မိုးခေါင်ရေရှားမှုဒဏ် ခံစားနေရကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောသည်။

သောက်သုံးရေ ဈေးနှုန်းများ မြင့်တက်ခြင်း၊ အစားအစာများ ရှားပါးမှုမြင့်တက်လာခြင်း၊ မွေးမြူရေး တိရစ္ဆာန်များ သေဆုံးခြင်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများပြိုလဲခြင်း စသည့်ဆိုးရွားသည့် အခြေအနေများနှင့် ရင်ဆိုင်နေကြရခြင်းကြောင့် စက်တင်ဘာလနှင့် ဒီဇင်ဘာလကြားတွင် လူပေါင်း ၁၂၀၀၀၀ ထက်မနည်းမှာ အိုးအိမ်စွန့်ခွာခဲ့ကြရကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖန်ဒူဂျာရစ်က နေ့စဉ်သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ ထို့အပြင် အဆိုပါဖြစ်ရပ်များကြောင့် ပညာရေးကဏ္ဍတွင် ဆိုးဆိုးရွားရွား ထိခိုက်နစ်နာမှုရှိခဲ့ပြီး နိုင်ငံတစ်ဝန်းတွင် ကျောင်းသား ကျောင်းသူပေါင်း ၇၅၀၀၀ ကျော် ကျောင်းထွက်ခဲ့ကြရကြောင်း ၎င်းက ဆက်ပြောသည်။



ဆိုမာလီယာနိုင်ငံ၌ လာမည့် ခြောက်သွေ့ရာသီ ဖြစ်သည့် ဇန်နဝါရီလနှင့် မတ်လကြားတွင် မိုးခေါင်ရေရှားမှုဖြစ်စဉ်မှာ ပိုမိုဆိုးရွားဖွယ်ရှိကြောင်း ဒူဂျာရစ်က ပြောသည်။ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း အသက်မွေးဝမ်းကျောင်းမှု ပြိုလဲမှုများမှ ရှောင်လွှဲနိုင်ရန်နှင့် မလိုအပ်သော အသက်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် ထောက်ပံ့ကူညီမှုများ အမြန်ဆုံးရရှိရန် အာဏာပိုင်များက တိုက်တွန်းထားသည်။

**ဆင်ဟွာ**

# နိုင်ဂျီးရီးယား၌ ပြန်ပေးဆွဲခံရသော ခရီးသွားများအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ စတင်

**အဘူဂျာ ဒီဇင်ဘာ ၂၃**

နိုင်ဂျီးရီးယားရဲတပ်ဖွဲ့သည် နိုင်ငံအလယ်ပိုင်း ပလက်တိုးပြည်နယ်၌ လက်နက်ကိုင်အဖွဲ့က ဒီဇင်ဘာ ၂၁ ရက် ညပိုင်းတွင် ပြန်ပေးဆွဲခံရသော ခရီးသွား ၂၈ ဦးထက်မနည်းအတွက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၂၃ ရက်တွင် ပြောသည်။

ပြန်ပေးဆွဲခံရသူများအတွက် ကယ်ဆယ်ရေးကြိုးပမ်းအားထုတ်မှုများ အရှိန်မြှင့်လုပ်ဆောင်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခြားသော အေဂျင်စီများနှင့်အတူ ညှိနှိုင်းဆောင်ရွက်မှုများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပလက်တိုးပြည်နယ် ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အလာဘိ အဲလ်ဖရက်က ပြောသည်။

ပြန်ပေးဆွဲခံရသူများကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ရေး လုပ်ဆောင်လျက်ရှိကြောင်း၊ ပြန်ပေးဆွဲသူများကိုလည်း ရှာဖွေရေးလုပ်ဆောင်လျက်ရှိကြောင်းနှင့် ၎င်းတို့ကို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း အဲလ်ဖရက်က ပြောသည်။

အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် ပြန်ပေးဆွဲခံရသူများသည် ဘာသာရေးပွဲတော်တစ်ခုသို့သွားရာတွင် လမ်းခုလတ်၌ ကြားဖြတ်တိုက်ခိုက်ခံရကာ ပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# အီရန်နိုင်ငံ၏ ဒုံးကျည်အစီအစဉ် အချုပ်အခြာအာဏာကို ကာကွယ်ရန်ဖြစ်သည်ဟုဆို

**တီဟီရန် ဒီဇင်ဘာ ၂၃**

အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အက်စ်မေးလ် ဘာဂါအီက အီရန်နိုင်ငံ၏ ဒုံးကျည်အစီအစဉ်ကို နိုင်ငံ့အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် တီထွင်ထားခြင်းဖြစ်ပြီး ညှိနှိုင်းမှုများ လုပ်ဆောင်သွားမည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

မကြာသေးမီက အစ္စရေးနှင့် အမေရိကန်မီဒီယာများက ဖော်ပြသည့် အီရန်အပေါ် အစ္စရေး၏ စစ်ရေးအရ အရေးယူမှုအသစ်က အီရန်အား ၎င်း၏ ဒုံးကျည်အစီအစဉ်နှင့် ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ရန် ဖိအားပေးခြင်း ရှိ၊ မရှိဆိုသည့် မေးခွန်းကို တုံ့ပြန်သည့်အနေဖြင့် အပတ်စဉ် သတင်းစာရှင်းလင်းပွဲတွင် ဘာဂါအီက ထိုသို့မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။


အီရန်က ၎င်း၏ ပဲ့ထိန်းဒုံးကျည် အစီအစဉ်ကို တိုးချဲ့ခြင်းသည် လျင်မြန်စွာ အရေးယူရန် လိုအပ်နိုင်သည့် ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာနိုင်သည်ဆိုပြီး အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုက လာမည့်အစည်းအဝေး၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို စည်းရုံးပြောဆိုသွားမည်ဟု ယူဆရသည်။

အီရန်နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်အား ရန်သူများကို ကာကွယ်ရန် ပုံစံရေးဆွဲထုတ်လုပ်ထားခြင်းဖြစ်ကြောင်းနှင့် ညှိနှိုင်းရန်မဟုတ်ကြောင်း ဘာဂါအီက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ပိတ်ဆို့အရေးယူမှုများကို ရုပ်သိမ်းခြင်းက ဒေသတွင်းတည်ငြိမ်ရေးဖော်ဆောင်ရာတွင် အရေးကြီးသော ခြေလှမ်းတစ်ရပ်ကို ကိုယ်စားပြု

**ဒမတ်စကတ် ဒီဇင်ဘာ ၂၃**




ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး အာဆတ် ဟက်ဆန်အယ်လ်ရှီဘာနီနှင့် တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်တို့သည် ဒီဇင်ဘာ ၂၂ ရက်က ဒမတ်စကတ်တွင် တွေ့ဆုံခဲ့ပြီး ဒုက္ခသည်များနေရပ်ပြန်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသတွင်းလုံခြုံရေးကိစ္စရပ်များဆွေးနွေးခဲ့သည်ဟု ဆီးရီးယားနိုင်ငံပိုင်မီဒီယာဖြစ်သည့် အယ်လ်အီခါဘာရီယာ ရုပ်သံတွင် ဖော်ပြခဲ့သည်။

အယ်လ်ရှီဘာနီက တန်ပြန်အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ၊ အစ္စလာမ္မစ်စစ်သွေးကြွ ဟုခေါ်သည့် အိုင်အက်စ်အုပ်စုများ ပြန်လည်ထကြွသောင်းကျန်းလာမှုကို ကာကွယ်ရန် ဆောင်ရွက်ချက်များနှင့် ဆီးရီးယားအရှေ့မြောက်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမြင်ဖလှယ်မှုများကို ဆွေးနွေးခဲ့သည်ဟု ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဆီးရီးယားအရှေ့မြောက်ပိုင်း ပြန်လည်ပေါင်းစည်းရန် ဆီးရီးယားအစိုးရနှင့် ဆီးရီးယား ဒီမိုကရက်တစ် အင်အားစုများကြား ရေးထိုးခဲ့သော မတ်လသဘောတူညီချက်သည် နယ်မြေပေါင်းစည်းရေးကို မြှင့်တင်ရန်နှင့် ယဉ်ကျေးသောပုံစံဖြင့် နယ်မြေစည်းလုံးညီညွတ်ရန် ဆီးရီးယားနိုင်ငံ၏ ဆုံးဖြတ်ချက်ကို ထင်ဟပ်စေသည်ဟု အယ်လ်ရှီဘာနီက ပြောသည်။

သဘောတူညီချက်ကို အကောင်အထည်ဖော်ရန်နှင့် ကာ့ဒ်ဦးဆောင်သော အက်စ်ဒီအက်ဖ် ပေါင်းစည်းရေးတွင် နှောင့်နှေးကြန့်ကြာမှုများသည် ဒေသတွင်းနှင့် ဒေသခံများအတွက် တရားမျှတမှုမရှိဟု ၎င်းက အလေးအနက် ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံ၏ တည်ငြိမ်ရေးကို ခြိမ်းခြောက်မှုများသည် တူကီယဲနိုင်ငံ၏ လုံခြုံရေးအတွက်လည်း အန္တရာယ်ဖြစ်စေသည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

လုံခြုံရေးနှင့် တည်ငြိမ်ရေးတွင် သိသာထင်ရှားသည့်တိုးတက်မှုများ တွေ့မြင်ရကြောင်းနှင့် ဆီဇာအက်ဥပဒေအရ ပိတ်ဆို့အရေးယူမှုများကို ရုပ်သိမ်းခြင်းသည် ဒေသတွင်းတည်ငြိမ်ရေးဖော်ဆောင်ရာတွင် အရေးကြီးသော ခြေလှမ်းတစ်ရပ်ကို ကိုယ်စားပြုကြောင်း၊ ဆီးရီးယားတွင် များပြားလှသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူချောမွေ့စေမည်ဟု မျှော်လင့်ရကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ နှစ်ဖက်အဖွဲ့များသည် စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။ **ဆင်ဟွာ**

# ပြည်သူတို့ အရည်အသွေးပြည့်မီသည့် EV များသုံးစွဲနိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၂၃**

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသန ဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ယမန်နေ့ မွန်းလွဲပိုင်းက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ ကျင်းပသည့် လျှပ်စစ်သုံးယာဉ် (Electric Vehicle ၊ EV) စစ်ဆေးခြင်း သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ **(ယာပုံ)**

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်အရ ဆက်စပ်ဌာနများ၊ ပြည်သူတို့နှင့် ပြင်ပလုပ်ငန်းရှင်များ၏ နည်းပညာလိုအပ်ချက်များနှင့် ကိုက်ညီသောသင်တန်းကို ယနေ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကားဈေးကွက်သည် ၂၁ ရာစုနှစ်၌ အလျင်မြန်ဆုံး ပြောင်းလဲမှုကို ကြုံတွေ့နေရကြောင်း၊ EV ခေတ်သို့ ပြောင်းလဲမှုများ၏ အဓိကမောင်းနှင်အားသည် နည်းပညာထိပ်ဆုံးနေရာအတွက် ပြိုင်ဆိုင်မှုနှင့် စီးပွားရေး ဆွဲဆောင်မှုများကိုတွေ့ရှိရကြောင်း၊ ယင်းသို့ ပြိုင်ဆိုင်မှု ပြင်းထန်ကာ မြန်ဆန်စွာဖွံ့ဖြိုးနေသော EV ခေတ်အတွင်း မိမိတို့နိုင်ငံတွင်လည်း EV သုံးစွဲမှုများ တစ်ရှိန်ထိုး မြင့်တက်လာကြောင်း၊ သို့ဖြစ်ရာ ပြည်သူတို့ဘေးအန္တရာယ်ကင်းရှင်းစွာ အရည်အသွေးပြည့်မီသည့် EV များကို ဝယ်ယူသုံးစွဲနိုင်ရေးအတွက် EV ဆိုင်ရာပြဋ္ဌာန်းပြီး စံချိန်စံညွှန်းများကို သိရှိနားလည်ရန်အပြင် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ နည်းပညာများကို ကျွမ်းကျင်မှုရှိရန် လိုအပ်လာသဖြင့် သင်တန်းသားများသည် ပြည်သူတို့ အရည်အသွေးပြည့်မီသည့် EV များ သုံးစွဲနိုင်စေရေးအတွက် အမှန်တကယ်စစ်ဆေးပေးနိုင်သည့် ကျွမ်းကျင်ပညာရှင်များ ဖြစ်စေရေးအတွက် သင်တန်းချိန်များကို တန်ဖိုးထား၍ မဆုတ်မနစ်ကြိုးပမ်းသင်ယူလေ့ကျင့်ကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် သင်တန်းနည်းပြတစ်ဦးက သင်တန်းဆိုင်ရာ အကြောင်းအရာများကို လည်းကောင်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက သတ်မှတ်ပြီး လျှပ်စစ်သုံးယာဉ်ဆိုင်ရာ မြန်မာစံချိန်စံညွှန်း ၁၈ ခုကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးသည် EV အလုပ်ရုံအတွင်း လေ့လာလေ့ကျင့်နေမှု အခြေအနေများကို လှည့်လည်အားပေးကာ လိုအပ်သည်များ မှာကြားသည်။

သင်တန်းသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ သင်တန်းသား ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလ သုံးရက်အတွင်း တစ်ရက်လျှင် ၈ နာရီနှုန်းဖြင့် သင်တန်းချိန် ၂၄ နာရီ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၉၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး မြဝတီမြို့နှင့် အနီးတစ်ဝိုက်ရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်း

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံအစိုးရ အနေဖြင့် အွန်လိုင်း လိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိတရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၉၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါ KK Park နယ်မြေအတွင်းရှိအဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း နှစ်ထပ်အဆောက်အအုံ ၄၁ လုံးကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်း လိမ်လည် လောင်းကစားမှုများ ကျူးလွန်ခြင်းမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ရှာဖွေစစ်ဆေးပြီးစီးသည့် အဆောက်အအုံ ၄၆၄ လုံးအနက် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၂ လုံးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး အဆိုပါ အဆောက်အအုံများအား ပြန်လည်အသုံးပြုမှု မရှိစေရေးအတွက် ချိပ်ပိတ် သိမ်းဆည်းခြင်းများ ဆောင်ရွက်ခဲ့သည်။




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေ အပိုင်း (၃) အား ဖောက်ခွဲဖျက်ဆီးခဲ့မှု။

ယင်းအပြင် KK Park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများ အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ် လူနေအဆောက်အအုံကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးပုံ။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေ သဲပုံဆိုက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများအား ဖျက်ဆီးမှု။



# နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူ၊ ပျောက်ဆုံး၊ ပျက်စီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**မန္တလေး ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာများမှ ဝန်ထမ်းများအနက် အသက်(၁၈) နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူ၊ ပျောက်ဆုံး၊ ပျက်စီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကို ယနေ့နံနက် ၉ နာရီခွဲက တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဘတ်စကက်ဘော အားကစားရုံအတွင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံ၊ ပုသိမ်ကြီး၊ မတ္တရာ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ မိုးကုတ်၊ စဉ့်ကူးမြို့နယ်များမှ ဌာနဆိုင်ရာဝန်ထမ်း ၂၃၆ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရာ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်က ဝန်ထမ်းများလက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်းပေးအပ်သည်။

**မြန်မာ့အလင်း**

# တရားမဝင် သစ်မျိုးစုံ၊ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် သစ်တင်မော်တော်ယာဉ်၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်နှင့် လျှပ်စစ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော်  ဒီဇင်ဘာ  ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၅ ရက်တို့တွင် စစ်ကိုင်းမြို့နယ် တကောင်းရပ်ကွက် ဇက်ဆိပ်၌ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင်အသုံးပြုသည့် တရုတ်နိုင်ငံထုတ် သံကြမ်းခင်းပြား ၂၂၂ ချောင်းနှင့် ဆက်စပ်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၆၂၅၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀)နှင့် လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၇၆၂၅၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၄ ရက်တွင် ပဲခူးမြို့နယ်အတွင်း၌ တရားမဝင် သစ်မာ ၀ ဒသမ ၇၁၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၇၇၄၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၆ ရက်တွင် ပျော်ဘွယ်မြို့နယ်၊ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ရမည်းသင်းမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၈၆၇ တန်၊ သစ်မာ ၁ ဒသမ ၂၉၈ တန်၊ အခြားသစ် ၃၆ ဒသမ ၁၈၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၀၁၆၃၆)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒီဇင်ဘာ ၁၃ ရက်တွင် မိတ္ထီလာမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် သာစည်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၁၆၃၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်၊ ၁၀ ရက်၊ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၁၈)မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၄၅၁၈၈၀ ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၄၃၈ တန်၊ အခြားသစ် ၁၈ ဒသမ ၂၂၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၂၀၂၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်တွင် မြစ်ကြီးနားမြို့နယ် ရှမ်းစုမြောက်ရပ်ကွက် အမှတ်(၁၄၅)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၆၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲ ဖွင့်လှစ်ထားရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

၅၄၉၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) နှင့် လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် သံပြားမျိုးစုံ ၂ ဒသမ ၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၄၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်တွင် ကျောက်တံခါးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း၌ တရားမဝင် သစ်မာ ၂ ဒသမ ၁၁၄ တန်၊ အခြားသစ် ၀ ဒမသ ၅၇၁ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၂၆၀၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်တွင် အောင်လံမြို့နယ် အောင်မြေကုန်းကျေးရွာ၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်တွင်းကြီးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၇၉၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၈၈၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၈၈၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်တွင် မန္တလေးမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဘီးလင်းမြို့နယ် သကြားစက်လမ်းဆုံ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၇ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၁၉၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် ခုနစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၉၁၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၂၄)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၅၅၆၄၈)ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး၊ လူသုံးကုန်ပစ္စည်း ရှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၁၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် မြို့သစ်ရပ်ကွက်၌ တရားမဝင် စက်သုံးဆီ ခေတ်ဆီ ၁၈၈ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀)နှင့် လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၁၉၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်တွင် ဖြူးမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၂ ဒသမ ၉၂၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၁၁၃၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၃ ရက်တွင် ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၂ ရက်တွင် လားရှိုးမြို့နယ် နောင်ပိုးကျေးရွာအနီး၌ မော်တော်ယာဉ် ၅၈ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၅၃၉ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၇ မျိုး၊ လျှပ်စစ်ပစ္စည်း ၁၄ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၂၅၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်ရှိမော်တော်ယာဉ် ကိုးစီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ် ၄၉ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၂၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၄၂၅၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်တွင် ပုသိမ်မြို့နယ် အမှတ်(၄)ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၉၄၁၄၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၂ ရက်၊ ဒီဇင်ဘာ ၁၃ ရက်၊ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ(၇၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၉၃၅၉၁၃၆)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီက သတင်းရရှိသည်။

**သတင်းစဉ်**

## တောင်ကြီးမြို့ ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု



**တောင်ကြီး ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်သည် ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၂ ရက်က တောင်ကြီးမြို့ ထီဖောင်ကျေးရွာတွင် အာစီလေးခန်းတွဲ လေးထပ်ဆောင် ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အာစီလေးခန်းတွဲ လေးထပ်ဆောင် ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကာ တင်ပြချက်အပေါ် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လုပ်ငန်းအရည်အသွေးပြည့်မီရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး စနစ်တကျဆောင်ရွက်သွားရန်၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲရုံဖွင့်လှစ်ထားရှိမည့် လယ်ဝေးမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်အောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၂ ရက်တွင် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## မော်လမြိုင်မြို့နယ်၌ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးရရှိရေး ကွင်းဆင်းဆောင်ရွက်

**မော်လမြိုင် ဒီဇင်ဘာ ၂၃**

မော်လမြိုင်မြို့နယ်၌ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးရရှိရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဒီဇင်ဘာ ၂၂ ရက်တွင် မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက် ဆုတောင်းပြည့်ဇရိဂေါယမှုသူးမာရိယပွာန် မယ်တော်ကြီး မင်္ဂလာခန်းမ၌ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မွန်ပြည်နယ် ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးရဲရင့်ထွန်းက ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လာရောက်လျှောက်ထားသူ ၅၅ ဦးကို ဟိန္ဒူဘာသာရေးအဖွဲ့က မှတ်တမ်းရေးသွင်းထားရှိပြီး ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးရရှိရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



တာချီလိတ်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၂ ရက်က ခရိုင်နှင့် မြို့နယ်စုပေါင်းရုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဘောမြာက အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဆွေးနွေးစဉ်။ ခရိုင်(ပြန်/ဆက်)

## ပခုက္ကူတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၏ မောင်မယ်သစ်လွင်ကြိုဆို

**ပခုက္ကူ ဒီဇင်ဘာ ၂၃**



ပခုက္ကူတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဒီဇင်ဘာ ၂၂ ရက်က အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူတက္ကသိုလ် အနုပညာအသင်းမှ ကျောင်းသားကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး တက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်ခင်ထွတ်တို့က မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (တိုင်းဒေသကြီးအဆင့်) ဆုရရှိသူများ၊ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်၊ တိုင်းဒေသကြီး ကိုယ်စားပြု အားကစားသမားများ၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့နှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲဆုရရှိသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် လူရည်ချွန်ကျောင်းသူတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ဘာမီသာ(ပခုက္ကူ)**



မင်္ဂလာဒုံမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲအသိပေး "ဒို့အတူတူ မဲပေးကြမယ်" လက်ကမ်းစာစောင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထူးကျော်၊ ကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဝင်းကျော်ဦးနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၂ ရက်တွင် လူစည်ကားရာ နေရာများ၌ ဖြန့်ဝေစဉ်။ မင်းသိန်းထွန်း

## ကျိုင်းတုံမြို့နယ် လွိုင်မွေ၌ ချယ်ရီပန်းပွဲတော် ကျင်းပမည်

**ကျိုင်းတုံ ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျိုင်းတုံမြို့နယ် လွိုင်မွေတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ယင်းဒေသရှိ ချယ်ရီပန်းများ ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ချယ်ရီပန်းပွဲတော်(ပဉ္စမအကြိမ်)ကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ လွိုင်မွေတောင်စခန်း စတုရဋ္ဌသုမင်္ဂလာစေတီတော်အနီး ချယ်ရီပင်တန်း၌ ကျင်းပသွားမည်ဖြစ်သည်။

ချယ်ရီပန်းပွဲတော်တွင် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ ရှမ်း၊ အာခါ၊ လားဟူ၊'ဝ'၊ လီဆူ၊ လွယ်၊ အားခေတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း၊ ဒေသထွက်အမှတ်တရ ရိုးရာပစ္စည်းအရောင်းဆိုင်များ၊ ဒေသထွက်ဝိုင်များ၊ အစားအစာများ၊ MSME လုပ်ငန်း ဒေသထွက်ကုန်များကို ပြခန်းများဖြင့် ပြသ၊ ရောင်းချပေးခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။



**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ဘီးလင်းမြို့နယ် ငါးဘတ်ချောင်ကျေးရွာ၌ Quick Win စီမံကိန်းဖြင့် ကုန်ထုတ်လုပ်ငန်းဆောင်ရွက်

**ဘီးလင်း ဒီဇင်ဘာ ၂၃**

ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုက်ရိုက်အကျိုးပြုစေရန် ရည်ရွယ်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အထွေထွေပိုလျှံရန်ပုံငွေဖြင့် ဆောင်ရွက်သည့် Quick Win လုပ်ငန်းစီမံကိန်းအား ဘီးလင်းမြို့နယ် ငါးဘတ်ချောင်ကျေးရွာ ဂဝံမြေခင်းခြင်း (၁/၅.၆၄) မိုင်လုပ်ငန်းကို ကျပ်သန်း ၁၀၀ ဒသမ ၉၁ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက ဒီဇင်ဘာ ၂၁ ရက်တွင် သွားရောက်ကွင်းဆင်းစစ်ဆေးရာ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဘုန်းမြတ်

## ပန်းဘဲတန်းမြို့နယ်၌ မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာ အသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပန်းဘဲတန်းမြို့နယ်၌ မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာ အသိပညာပေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းဘဲတန်းမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အိအိမြတ်က မီးခိုးမြူငွေ့ဖြစ်ပေါ်ရခြင်းအကြောင်းရင်းများ၊ မီးခိုးမြူငွေ့ကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲဆိုးကျိုးများနှင့် ကျန်းမာရေးပြဿနာများ၊ မီးခိုးမြူငွေ့လျှော့ချနိုင်ရေး ဆောင်ရွက်ရမည့်နည်းလမ်းများ၊ စာရေးဆရာမ ပေါက်ပေါက်က မီးခိုးမြူငွေ့များသည် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်ပြီး ရာသီဥတုပြောင်းလဲမှုကို တိုက်ရိုက်အကျိုးသက်ရောက်စေကြောင်း၊ မီးခိုးမြူငွေ့များကြောင့် လူများ၏ ကျန်းမာရေးကိုသာမက ပတ်ဝန်းကျင်အခြေအနေများကို ယိုယွင်းထိခိုက်စေနိုင်ကြောင်း စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

- နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရွေးကောက်ပွဲအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် တတိယအကြိမ် မဲစာရင်းများကပ်ထားကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရန် ဆန္ဒမဲပေးနိုင်ရေးအတွက် "ဒို့အတူတူမဲပေးကြမယ်" ရွေးကောက်ပွဲအသိပညာပေး သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို လူစည်ကားရာနေရာများနှင့် တတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာခြင်းကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဆောင်ရွက်ခဲ့ကြသည်။


ချမ်းမြသာစည်မြို့နယ်
အလင်းသစ်(ပြန်/ဆက်)


ကိုကိုးကျွန်းမြို့နယ်
ထွန်းထွန်းဇော်(ပြန်/ဆက်)


အလုံမြို့နယ်
ယောရော(ပြန်/ဆက်)


ဗိုလ်တထောင်မြို့နယ်
ခင်ဝင်း(ပြန်/ဆက်)


သင်္ဃန်းကျွန်းမြို့နယ်
ဇော်မိုး(သင်္ဃန်းကျွန်း)


မိုးညိုမြို့နယ်
ကိုမင်း(ပြန်/ဆက်)


ဇလွန်မြို့
ဝေယံ(ပြန်/ဆက်)


ပေါက်ခေါင်းမြို့နယ်
ဖုန်းကျော်ဇင်(ပြန်/ဆက်)


မော်လိုက်မြို့
ကိုထက်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အသိပညာပေးလုပ်ငန်းများဆောင်ရွက်



## မင်းလှ

မင်းလှမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် MEVM မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းကို ဒီဇင်ဘာ ၂၃ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် အထက မင်းလှ(မြို့ပြင်)ကျောင်းတို့၌ ပြုလုပ်သည်။

သင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ စောရွှေသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ရုံး ဦးစီးအရာရှိ ဒေါ်ဇင်နွယ်ခိုင်တို့က MEVM မဲပေးစက်များ တပ်ဆင်ခြင်းပြုလုပ်ခြင်း၊ စက်များကို ကိုင်တွယ်အသုံးပြုနည်းများ၊ မဲပေးစက်များ ကြိုတင်ပြင်ဆင်ခြင်းနှင့် မဲပေးစက်များ အသုံးပြုဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို ဆွေးနွေးပို့ချကာ လက်တွေ့တပ်ဆင်အသုံးပြုခြင်းများကို နှစ်ရက်ကြာ သင်ကြားပို့ချပေးသွားမည် ဖြစ်သည်။

ပေါက်စ(မင်းလှ)

## ကြာအင်းဆိပ်ကြီး

ကြာအင်းဆိပ်ကြီးမြို့တွင် မဲရုံမှူး၊ဒုမဲရုံမှူးများ၏ ဆင့်ပွားသင်တန်းကို ဒီဇင်ဘာ ၂၂ ရက်က အခြေခံပညာအထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်တို့က ဆွေးနွေးပို့ချသည်။ အဆိုပါသင်တန်းကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)



## ကျွန်းစု

ကျွန်းစုမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ ဒုမဲရုံမှူး(အရန်) ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းကို ဒီဇင်ဘာ ၂၃ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အတွင်းရှိ မဲရုံများ၌ မဲရုံမှူး၊ ဒုမဲရုံမှူး



အဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများအား မဲရုံမှူး၊ ဒုမဲရုံမှူး နှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်များနှင့် လုပ်ငန်းလက်စွဲများ၊ MEVM မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းများကို မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်မို့မို့အေးနှင့် တာဝန်ရှိသူများက စာတွေ့ လက်တွေ့ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)



## ပခုက္ကူ

ပခုက္ကူမြို့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အမှတ်(၁၄)ရပ်ကွက် မြင်သာဘုမ္မရပ်ရှိ ပါကဋ္ဌတ္တကာရီဘုမ္မကျောင်းတိုက်(ဓမ္မာရုံ)၌ ဒီဇင်ဘာ ၂၂ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဝင်းက ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် ပြုလုပ်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေမှုများ၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး မဲဆန္ဒရှင်ပြည်သူများအားလုံးက မဲပေးခြင်းဖြင့် ပါဝင်ပေးရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။ **ကယ်ရီမောင်**



## ဇမ္ဗူသီရိမြို့နယ်၌ မဲရုံများပြင်ဆင်ဆောင်ရွက်နေမှုနှင့် MEVM စက်တပ်ဆင်ဆောင်ရွက်နေမှုအား ကြည့်ရှု

**နေပြည်တော်  ဒီဇင်ဘာ ၂၃**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်နေ့တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံများ ပြင်ဆင်ဆောင်ရွက်နေမှုနှင့် MEVM စက်တပ်ဆင်ဆောင်ရွက်နေမှုအား ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ထိုသို့ကြည့်ရှုအားပေးရာတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၄၀) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ပျဉ်းမနားမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့တွင်ကျင်းပမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံမှုရှိရေး၊ မဲရုံများသို့ မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ထားရှိမှု၊ ကြိုတင်မဲပုံးများ ထုတ်ယူထားရှိမှုအခြေအနေ၊ မဲရုံများပြင်ဆင်ဆောင်ရွက်နေမှုနှင့် MEVM စက်တပ်ဆင်ဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သာယာဝတီမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ခဲ့ခြင်းမရှိသူများအား အခမဲ့ဆောင်ရွက်ပေး

**သာယာဝတီ  ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့က ဦးဆောင်၍ သာယာဝတီခရိုင်နှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက လာမည့်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် သာယာဝတီမြို့နယ်အတွင်းရှိ ပြည်သူများ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် မြေပြင်ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခဲ့ခြင်းမရှိသူများနှင့် (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်)တို့အား ယနေ့



နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့အားမာန်ခန်းမ၌ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ သာယာဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက One Stop Service ဖြင့် အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဆောင်ရွက်ပေးနေမှုအား သာယာဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များ၊ သာယာဝတီခရိုင်နှင့် မြို့နယ်မြေပြင်ကွင်းဆင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



မိုင်းပျဉ်းမြို့ မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်အခွင့်အရေးလိုင်စင်နှင့် သားသတ်လိုင်စင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပွဲကို အဆိုပါရုံးအစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၃ ရက်က ကျင်းပရာ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ ကျိုင်းတုံမြို့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မေနှင့် မိုင်းပျဉ်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမိုးကျော်တို့က အမှာစကားပြောကြားစဉ်။ နန်းသန္တာဦး(ပြန်/ဆက်)

## သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**ကော့ကရိတ်  ဒီဇင်ဘာ ၂၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကော့ကရိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့်



သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲကို ယမန်နေ့က ကော့ကရိတ်မြို့နယ် တံတားကျိုးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

ဦးစွာ ကော့ကရိတ်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးမိုးကျော်အောင်က အမှာစကားပြောကြားပြီး ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစောကြည်လင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ဒေသထွက်သီးနှံများကိုအခြေခံသည့် သစ်သီးဖျော်ရည်နှင့် ယိုမျိုးစုံပြုလုပ်နည်းများကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ သင်တန်းကာလ ခုနစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ခရိုင်(ပြန်/ဆက်)



## မြင်းခြံတက္ကသိုလ်၌ မောင်မယ်သစ်လွင်ကြိုဆို

**မြင်းခြံ ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက မြင်းခြံတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြင်းခြံတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီးက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ဒုတိယပါမောက္ခချုပ် ဆရာမကြီးက ဂုဏ်ပြုမိတ်ဆက်စကား ပြောကြားသည်။ ဆက်လက်၍ သင်တန်းရေးရာဌာန မော်ကွန်းထိန်းက သင်တန်းရေးရာအချက်အလက်များ ရှင်းလင်းပြောကြားခဲ့ကာ ပထဝီဝင်ဌာနမှ ပါမောက္ခဌာနမှူး ဆရာမက ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ သင်္ချာဌာနမှ ပါမောက္ခဌာနမှူး ဆရာမက သိပ္ပံဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ချစ်ဦးနွေ(မြင်းခြံ)

## မြောက်ဥက္ကလာပမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေး

**ရန်ကုန်  ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးမိုးသူနှင့် အဖွဲ့ဝင် ဗိုလ်မှူးဖြိုးဝေလင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သင်းသင်းမိုးက အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးကာ လုပ်ငန်းရှင်အခွန်ထမ်းပြည်သူ ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)





## ဒေါပုံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်း

**ဒေါပုံ  ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ ရက်က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်မျိုးထွေးက အခွန်ဆိုင်ရာသိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်းစုစုပေါင်း ၄၀ တက်ရောက်ခဲ့သည်။ ချစ်စုဝေ(ပြန်/ဆက်)


## မိတ္ထီလာမြို့နယ်၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ထုတ်ပေး

**မိတ္ထီလာ  ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ထုတ်ပေးခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံမှ လုပ်ငန်းခွင်ပြင်ပတွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေကျပ် သိန်း ၁၂၉၆၀၀၀၀ ကို အာမခံအလုပ်သမား ဦးဘိုဘိုမင်း၏ ဇနီးနှင့် အာမခံအလုပ်သမား ဦးစိုးသူအောင်၏ နာရေးစရိတ်အား ၎င်း၏ မိခင်ဒေါ်နန်းမအား ငွေကျပ် သိန်း ၇၂၀၀၀၀ တို့ကို ပေးအပ်ခဲ့သည်။ ယင်းနောက် အမှတ် (၁) တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းချိုက အာမခံအလုပ်သမား သုံးဦး၏ မီးဖွားစရိတ်နှင့် အာမခံအလုပ်သမား ၆၁ ဦး၏ ဆေးဖိုးကုန်ကျငွေ ၈၁၈၅၁၈၅ ကျပ်တို့အား ပေးအပ်ခဲ့သည်။ သိန်းမြင့်ကျော်(မိတ္ထီလာ)




**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် အလက(ခွဲ) မကြက်စုကျောင်းမှ လက်ထောက်မှူပြ ဒေါ်သင်းသင်းချို ၇/သနပ (နိုင်)၁၃၄၅၂၂ ၏ ဖခင်အမည်မှာ ဦးမောင်ဦး (ခ)ဦးခင်မောင်ဦးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးမောင်ဦး(ခ)ဦးခင်မောင်ဦး

**အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ အိမ်အမှတ် (၄၅) နေ ကျွန်မ ဒေါ်တင်မြင့် ၁၂/ပဘတ(နိုင်)၀၀၆၉၅၆ မှ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ( ၆၅ ) လမ်း၊ ချယ်ရီလမ်းထိပ်နေ ဦးဆွေအောင်ခိုင် ၁၂/လသန(နိုင်)၀၂၁၁၀၆ ထံသို့ ရန်ကုန်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၀-၂-၂၀၁၆ ရက်တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ( ၁၅၀၇/၂၀၁၆ ) အား ယနေ့ ၂၄-၁၂-၂၀၂၅ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်မြင့်
၁၂/ပဘတ(နိုင်)၀၀၆၉၅၆

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 78W/96126, Dayang 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင်ဦး ၉/မထလ(နိုင်)၀၃၁၉၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မိတ္ထီလာမြို့)

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ဘုရားကုန်းကျေးရွာအုပ်စု၊ကျောက်ရေတွင်းကျေးရွာ၊ကွင်းအမှတ်(၆၆၄/B)၊ကွင်းအမည်(ကွမ်းခြံကုန်းကွင်း)၊ဦးပိုင်အမှတ်(၉/၂)၊သန်လျင်-ကျောက်တန်းလမ်းဘေး ၊ အကျယ်အဝန်း (၀. ၃၅ဧက)ရှိ ဥယျာဉ်ခြံမြေ အမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဝမ်စိန် (၁၂/လသန(နိုင်)၀၀၂၁၈၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သိမ့်သိမ့်ယမင်း LL.B.
အထက်တန်းရှေ့နေ (စဉ်-၄၀၈၉၄)
Ph 09-254332312 09-798721076

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မသန္တာဦး၏ဖခင် ဦးရာမေ(စ်)ကူးမာရ် (ခ) ဦးရာမေ(စ်)ကူးမား ၁၂/ပဘတ(နိုင်)၀၂၃၈၇၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးရာမေ(စ်)ကူးမာရ် (ခ)
ဦးရာမေ(စ်)ကူးမား

**ပြင်ဆင်ဖတ်ရှုပါရန်**

(၂၄-၁၁-၂၀၂၅)ရက်စွဲပါ မြန်မာ့အလင်း သတင်းစာ ကြော်ငြာစာမျက်နှာ(၃၀)တွင် ပါရှိသော အထက်တန်းရှေ့နေ ဦးအောင်ကျော်လှိုင် ၏ ကန့်ကွက်နိုင်ပါကြောင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ပိတောက်ဝါလမ်း၊ မြေကွက်အမှတ်(၄၀၀)၊ အကျယ်အဝန်း(ပေ ၄၀ x ပေ ၆၀)ကို(ပေ၄၀ x ပေ ၆၀)အနက်မှ(ပေ ၂၀ x ပေ ၆၀)ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

**အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ**
**(တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**မုံရွာခရိုင်တရားရုံးတော်**
**၂၀၂၅-ခုနှစ်၊ တရားမအယူခံမှုအမှတ်-ဂ**

ဦးဖိုးဆယ် နှင့် ၁။ ဒေါ်သန်း(၎င်းကိုယ်တိုင်နှင့် ကွယ်လွန်သူ ဦးရဲဘော်၏ တရားဝင် ကိုယ်စားလှယ်)
၂။ ဦးသီဟ
၃။ ဒေါ်အေးမာစန်း
(၂။ ၃ အယူခံတရားပြိုင်များ၏ အခွင့်ရကိုယ်စားလှယ် ဒေါ်အေးမာအောင်)

**(အယူခံတရားလို)** **(အယူခံတရားပြိုင်များ)**

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်စွဲပါ မုံရွာမြို့နယ်တရားရုံးတော်မှ တရားမကြီးမှုအမှတ် ၁၁၇/၂၀၁၆ ကို အယူခံမှု။

အယူခံတရားပြိုင်များဖြစ်ကြသော (၁) ဒေါ်သန်း (၎င်းကိုယ်တိုင်နှင့် ကွယ်လွန်သူ ဦးရဲဘော်၏ တရားဝင် ကိုယ်စားလှယ်) (၂) ဦးသီဟ ၊ (၃) ဒေါ်အေးမာစန်း (၂၊ ၃ အယူခံတရားပြိုင်များ၏ အခွင့်ရကိုယ်စားလှယ် ဒေါ်အေးမာအောင်)တောကျောင်းကြီးကျေးရွာ၊ ချောင်းဦးမြို့နယ်၊ မုံရွာခရိုင် (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

ယခုအမှုတွင် မုံရွာမြို့နယ်တရားရုံးတော်က ချပေးသည့် ဒီကရီကို ဦးဖိုးဆယ်က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက် (၁၃၈၇ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့် အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုင်းရဲသူ)
ဒုတိယခရိုင်တရားသူကြီး(၄)
မုံရွာခရိုင်တရားရုံး

## ကျောက်တံတားမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ပြေစာအမှတ်တံဆိပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ အခွန်ပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်စုက အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများအား ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဦးထွန်းလင်းထွဋ်က ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများအား ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် အခွန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တိုစိုက်ခဲ့လျှင် အကောင်းဆုံးပင် အချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပါ။**

## ရှမ်းမြို့နယ်၌ ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၃

ရှမ်းမြို့နယ်၌ ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရှမ်းမြို့နယ် မြို့ကြီး ကျေးရွာအနီးတွင် သန်းစိုးဝင်း(၄၂)နှစ်၊ သာပေါင်းကျေးရွာ နွားထိုးကြီးမြို့နယ်နေသူ မောင်းနှင်လာသော HYUNDAI PORTER ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၄၀၀၀) ဖမ်းဆီးရမိသဖြင့် သန်းစိုးဝင်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ကျောက်တောင်(ဝမ်မိုင်)ရှိ လေးဒေ (၁၉) နှစ်ငှားရမ်းနေထိုင်သည့် နေအိမ်ခန်းကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ လီလှ(၁၉)နှစ်၊ ကောင်းကိုင်ကျေးရွာ ကတ်ထိုက်ကျေးရွာအုပ်စု ကျိုင်းတုံမြို့နယ်နှင့် ငြိမ်းချမ်း (၁၇) နှစ် ကိုဖော်ကျေးရွာ နားယောင်းကျေးရွာအုပ်စု တာချီလိတ်မြို့နယ်နေသူတို့ကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂၄၅ သိန်း) ဖမ်းဆီးရမိသဖြင့် လေးဒေ၊ လီလှနှင့် ငြိမ်းချမ်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



တရားခံ သန်းစိုးဝင်းအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1P/8490 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 3P/5772 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 75W/59674, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာဝင်း ၁၄/ဆန(နိုင်) ၀၀၃၂၃၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 82W/92080, Sawasdee 115 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖုန်းမြင့် ၁၄/ဝခမ(နိုင်)၀၆၃၄၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)
## (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)၏ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**အစမ်းလေ့ကျင့်ခြင်း** - ၂၄-၁-၂၀၂၆ရက် (စနေနေ့)၊ နံနက် (၉:၀၀)နာရီ

**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၂၅-၁-၂၀၂၆ရက် (တနင်္ဂနွေနေ့) နံနက် (၉:၀၀)နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလတွင် အောင်စာရင်းထုတ်ပြန်ခဲ့သော ပဋ္ဌမနှစ် ကွန်ပျူတာသိပ္ပံ၊ ပဋ္ဌမနှစ်ကွန်ပျူတာနည်းပညာနှင့် ဘွဲ့လွန်ကွန်ပျူတာသိပ္ပံဒီပလိုမာသင်တန်း စာမေးပွဲအောင်မြင်ထားသူများ တက်ရောက်နိုင်သည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ကို ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)၊ ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် မြန်မာဝတ်စုံ (သို့မဟုတ်)အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ပြီး ရိုက်ကူးထားသော ( 2" x 1 1/2") အရွယ် ဓာတ်ပုံ(၅)ပုံနှင့်အတူ လျှောက်လွှာတင်သွင်းရမည်ဖြစ်ပါသည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)ရှိ ကျောင်းသားရေးရာဌာနတွင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်မှစ၍ ထုတ်ယူပြီး ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာဖော်ပြပြီး ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်အထိ(ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း) လျှောက်ထားနိုင်သည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက် ဘွဲ့လက်မှတ်များ ထုတ်ပေးမည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ဘွဲ့နှင်းသဘင် ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ) ကျောင်းသားရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉- ၄၀၀၀၁၂၉၆၃ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောင်းသားရေးရာဌာန**
**ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာမြို့သစ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်းအမှတ် (၂၄)၊ မြေကွက်အမှတ်(၁၁၅၂)၊ မြေဧရိယာ (၀ဒသမ၀၃၇) ဧကရှိ မြေအား ဒေါ်အေးအေးစိုးမှ ခွဲစိတ်အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း) များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ခွဲစိတ်အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ဘုရားနီလမ်းတွင် နေထိုင်သည့် ဦးမြင့်အောင်(ဘ)ဦးအောင်ခင် (၇/ပမန(နိုင်)၀၃၆၂၇) ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးမြင့်အောင်၏ဇနီး ဒေါ်ရီရီဝင်းတို့တွင် မွေးဖွားခဲ့သည့် သားသမီး(၄)ဦးမှာ (၁) မောင်ကျော်ဇေယျာမင်း၊(၂)မောင်ကျော်သူအောင်၊ (၃) မစုဇန်အောင်နှင့် (၄) မောင်ဗေရယ်အောင်တို့ ဖြစ်ကြပါသည်။ ဦးမြင့်အောင်၏ဇနီးဖြစ်သူ ဒေါ်ရီရီဝင်းမှာ လွန်ခဲ့သော (၂၁-၁-၂၀၂၄) ရက်က ကွယ်လွန်သွားခဲ့ပြီးဖြစ်သဖြင့် ကျန်ရစ်ခဲ့သူ ဖခင် ဦးမြင့်အောင်ထံတွင် ရှိနေသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အမွေပစ္စည်းအဖြစ် ခွဲဝေပေးအပ်ရန် သားဖြစ်သူ မောင်ကျော်ဇေယျာမင်းမှ ဆံတော်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ၌ တင်ပြတောင်းခံချက်အရ သားဖြစ်သူ မောင်ကျော်ဇေယျာမင်း အပါအဝင် ကျန်သားသမီးများအားလုံးကို ၂-၁၁-၂၀၂၅ ရက်တွင် မိသားတစ်စု စီမံမှုဖြင့် အမွေခွဲဝေပေးအပ်သည့် သဘောတူကတိစာချုပ်ချုပ်ဆိုကာ အမွေပစ္စည်းများအား အသိသက်သေများရှေ့မှောက်တွင်ပင် အညီအမျှခွဲဝေပြီး လက်ရောက်ပေးအပ်ကာ အသီးသီး သဘောတူစာချုပ်အားလက်မှတ်ရေးထိုးချုပ်ဆို၍ ရယူခဲ့ကြပြီးဖြစ်သဖြင့် ဦးမြင့်အောင်ထံတွင် အမွေခွဲဝေပေးအပ်ရန် ပစ္စည်းများ မကျန်ရှိတော့ပါကြောင်းနှင့် ထိုကဲ့သို့ သားသမီး(၄)ဦးကိုလည်း အညီအမျှ တရားဝင်အမွေခွဲဝေ ပေးအပ်ပြီးဖြစ်သဖြင့် ဦးမြင့်အောင်ထံတွင် ကျန်ရှိသည့် ပစ္စည်းများမှာ သားသမီးများနှင့် သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့အပြင် သားဖြစ်သူ မောင်ကျော်ဇေယျာမင်း အပါအဝင် ၎င်း၏ဇနီးဘက်မှ ဆွေမျိုးအသိုင်းအဝိုင်းများသည်လည်း ဦးမြင့်အောင်နှင့် လုံးဝ အဆက်အသွယ်မရှိဘဲ ပြတ်စဲသွားကြောင်းကိုလည်း အများသိစေရန် ထပ်မံကြေညာအပ်ပါသည်

**ဦးမြင့်အောင်၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိချော (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၅၄)**
**အမှတ် (၄၇၀)၊ ကနောင်မင်းသားကြီးလမ်း၊**
**ဗိုလ်တစ်ထောင်အပိုင်း (၁)၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ နယ်မြေ(၈)၊ အကွက်အမှတ် (ကျောက်တောင်)၊ ဦးပိုင်အမှတ်(၆၃၆)၊ မြေဧရိယာ (၀ ဒသမ ၀၈၃) ဧက၊ မြေငှားဂရန် အမှုတွဲအမှတ် ၄၀၂-၅/၂၀၂၀-၂၀၂၁ (အေ)အရ ဦးမောင်မောင်မြင့် ၁/ဗမန (နိုင်)၀၅၆၄၂၁နှင့် ဒေါ်ချောကေခိုင် ၁၃/ လရန(နိုင်)၁၀၆၂၄၉ တို့ အမည်ပေါက်မြေကွက်တွင် တောင်ညီနောင် အမည်ဖြင့် တည်းခိုရိပ်သာလုပ်ငန်း ဆောင်ရွက်ရန်အတွက် စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထား စာရွက်စာတမ်းခိုင်လုံစွာဖြင့် ရက်ပေါင်း (၃၀) အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးမောင်မောင်မြင့်၊ ဒေါ်ချောကေခိုင်တို့ အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန် ထုတ်ပေးနိုင်ရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့၊ ရတနာမာန်အောင်ရပ်ကွက်နေ ဦးမောင်မောင်မြင့် ၉/ မထလ (နိုင်)၀၄၄၁၄၆ နှင့် ဒေါ်ခင်မာချို ၉/မထလ(နိုင်)၀၄၄၄၁၀ တို့၏ သမီးဖြစ်သူ မသင်းသင်းနွယ် ၉/မထလ(နိုင်)၂၃၂၆၄၆ သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲသောကဖြစ်စေရန် ရည်ရွယ်၍ အကြိမ်ကြိမ်နှောင့်ယှက်တိုက်ခိုက် စော်ကား နေပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်မောင်မြင့်-ဒေါ်ခင်မာချို**

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန
## မွန်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ဖြည့်စွက်ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ၊ မင်းရွာကျေးရွာရှိ မွန်ပြည်နယ်တိုင်းရင်းသားယဉ်ကျေးမှုစင်တာတွင် ဆောင်ရွက်မည့် Lot -3 Pump House ( 10 x 8 x 8 ပေ), အဝီစိတွင်းတူးခြင်း ( 400 ft), Ground Tank (Gal 10000), (15'-0" x 15'-0"x6'-9"), Over Head Tank (Steel Structure) (Gal 2300) တည်ဆောက်ခြင်းလုပ်ငန်း၊ Lot-4 စင်တာဝင်းအတွင်း လိုအပ်သည့် ကွန်ကရစ်လမ်းများခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းတို့အတွက် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း တင်ဒါအဆိုပြုလွှာတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** - ၁၈-၁၂ -၂၀၂၅ ရက်မှ ၃၁- ၁၂ -၂၀၂၅ ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - ၃၁-၁၂-၂၀၂၅ ရက် (ရုံးချိန်အတွင်း)

(ဂ) **နေရာ** - တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ မွန်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး။

(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်ကို ထပ်မံအကြောင်းပြန်ကြားပေးပါမည်။

၂။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ မွန်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ်-၀၉-၆၈၁၀၅၈၅၄၄ နှင့် ၀၉-၄၄၅၉၂၂၅၃၄ သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန**
**မွန်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/8266 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေဧရိယာ (၀.၀၅၅ဧက) ရှိ မြေကွက်အမှတ်(ပ-၄၆၉၈)ကို အမည်ပေါက် ဦးသန်းစိန်(ဘ)ဦးခင်မောင် ၉/ပမန(နိုင်)၀၉၇၄၁၆ မှ ဒေါ်ခင်ခင်သိန်း (ဘ) ဦးသိန်းထွဋ် ၁၂/ကတတ(နိုင်)၀၀၉၂၆၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေဧရိယာ (၀.၁၁၀ဧက)ရှိ မြေကွက်အမှတ်(ပ-၂၀၀၃၀)ကို အမည်ပေါက် ဒေါ်မြတ်မွန် (ဘ)ဦးစိန်မောင် ၁၄/မမက(နိုင်)၀၀၅၄၀၇ မှ ဒေါ်ခင်လေးဝေ (ဘ) ဦးတင်ဌေးအောင် ၈/ရစက(နိုင်)၁၄၈၁၂၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6W/9384 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဝင်း ၇/ရတရ (နိုင်)၁၅၂၆၉၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12U/2439 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းနိုင် ၇/တငန (ပြု)၀၀၀၂၀၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ခန္တီးခရိုင်၊ခန္တီးမြို့တွင် တည်ဆောက်ပြီးစီးခဲ့သည့် 1MW Solar Power Plant(Hybrid System with Backup Power Supply 2MW)ဖြင့် ဆောင်ရွက်မည့် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအား ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် ရောင်းချမည့်ဓာတ်အားခနှုန်းထားဆိုင်ရာ အချက်အလက်များပြည့်စုံစွာပြုစုပြီး တင်ဒါလျှောက်လွှာ တင်သွင်းရန်အတွက် ၂၄-၁၂-၂၀၂၅ ရက်မှ ၆-၁-၂၀၂၆ ရက်အထိ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၂၄-၁၂-၂၀၂၅ ရက်မှ ၆-၁-၂၀၂၆ရက်အထိ

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၇-၁-၂၀၂၆ ရက်၊ (၉:၀၀ နာရီမှ ၁၂:၀၀နာရီ)

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့။

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊**
**ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့**
**ဖုန်းနံပါတ်- ၀၇၁-၂၂၈၁၇/ ၀၉- ၂၅၉၀၇၀၂၂၃**
**E mail-desgg.ese@ moep.gov.mm**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်နေ (ဘ)ဦးခေမိန် ၁၃/ဆဆန(နိုင်)၀၇၈၄၂၉၏ သမီး နန်းဆန်းစုကြည် ၁၃/ဆဆန(နိုင်) ၁၂၅၇၉၈ နှင့် မနန်းဆန်းစုကြည်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/7542 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၂၂၉၉)၊ [ဦးရန်မြင့်ဆန် (ခ) ဦးစိုးမြင့် (၁၃/နခန(ဧည့်)၀၀၀၁၃၈) အမည်ပေါက်]၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက် (၁) ကွက်နှင့် မြေကွက်အမှတ်(၂၂၃၉) [ဦးရဲထွဋ် (AKB-၁၇၂၀၄၈)အမည်ပေါက်]၊ အကျယ်အဝန်း (၄၀ x ၆၀) ပေရှိ မြေချပါမစ်မြေကွက်အား အမည်ပါက် ဦးရဲထွဋ် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်နုနုရီ (၁၂/ဥကတ(နိုင်)၀၆၀၃၄၂) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးရန်မြင့်ဆန် (ခ) ဦးစိုးမြင့် (၁၃/နခန(ဧည့်)၀၀၀၁၃၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးမြတ်ခိုင် (၁၂/လမတ(နိုင်)၀၂၇၀၄၃) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်း အဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၈၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၆)၊ မေဃဝတီလမ်း၊ မြေကွက်အမှတ်(၆၃၃)ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေရှိ မြေချပါမစ် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးအုန်းမြင့် (၁၂/သဃက(နိုင်)၀၆၆၄၃၃) ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဗိုလ်ဗိုလ် (၁၂/ဥကတ(နိုင်)၁၄၇၃၂၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးခိုင်မြဲ (၉/ရမသ(နိုင်)၂၃၆၇၄၈) က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၈၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၅)၊ မြေကွက်အမှတ် (၉၈၇) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀) ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ တကလူအေး (၉/မထလ(နိုင်)၁၁၂၂၁၂) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်သန္တာကျော် (၁၁/တကန(နိုင်)၀၀၀၄၁၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၈၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စံပယ် (၈) လမ်း၊ အမှတ်(၈၆၂)ရှိ ခြေရင်းခြမ်း ၊ အကျယ်အဝန်း (၁၀' x ၆၀') သည် နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့၏ မြေနှင့်အခွန်တော်ဌာနတွင် ဦးတိုးရွှေ(ခ)ဦးလုရွှေ အမည်ပေါက်မြေဖြစ်ပါသည်။ ယင်းမြေနှင့်အိမ်ကို လက်ရှိလက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးဇော်မင်းဦးနှင့် မိသားစုတို့ထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း စာရွက်စာတမ်းမူရင်းတစ်စုံတစ်ရာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးနိုင်(LL.B,DIL,W.I.P.O) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၁၁)**
**အမှတ်(၄၃၅)၊ ဦးဖိုးကျားလမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ သာစည်လမ်းတွင်တည်ရှိသော ကွင်း/အကွက်အမှတ်နှင့် အမည်(၇၃)၊ ဦးပိုင်အမှတ် (၁၁၃-ခ)၊ ဧရိယာ (၀.၀၈၆) ဧက အလားအလာမှာ အရှေ့လားသော်-ဦးကျော်ဝင်း၊ အနောက်လားသော်-သာစည်လမ်း၊ တောင်လားသော်-ဦးခင်မောင်စန်း၊ မြောက်လားသော်-ဦးခင်မောင်ထွန်း ၎င်းနယ်လေးရပ်အတွင်းရှိ ဝင်းမြေနှင့် ဝင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဦးရန်အောင်(ဘ) ဦးအုန်းမောင် ၅/မရန(နိုင်)၂၄၅၂၉၄ပိုင်ဆိုင်သော ဝင်းမြေဖြစ်ပါသည်။ အထက်ဖော်ပြပါ ဝင်းမြေအား ကျွန်ုပ်အနေဖြင့် ရောင်းချသွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မုံရွာမြို့ မြေနှင့် ပတ်သက်သောဌာနဆိုင်ရာ အသီးသီးတို့တွင် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားတို့နှင့်အတူ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရန်အောင် (ဘ) ဦးအုန်းမောင်**
**၅/မရန(နိုင်)၂၄၅၂၉၄**

## ဖခင်အမည်မှန်

ဖောင်းပြင်မြို့၊ မူလွန် အမက(၂) Grade-6 တန်းမှ မခင်ဖြူဖြူကျော်၏ ဖခင်အမည်မှန်မှာ ဦးရှိန်းကိုကို ၁၂/ကခက(နိုင်)၁၀၇၉၆၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ရှေ့ဆောင်ရပ်ကွက်၊ အကွက်အမှတ် (၁-က)၊ တောင်ပိုင်းအကွက်၊ ဦးပိုင်အမှတ်(၁၃၇၊ ၁၃၈၊ ၁၃၉)၊ ဧရိယာ (၀ဒသမ၀၃၇)ဧက အနက်မှ ဧရိယာ (၀ဒသမ၀၇၂)ဧကအား (မူလ အမည်ပေါက် င်အုံးရွှေ၊ မအုံးရီ ပါ-၆) အမည်မှ ဦးမျိုးလွင်-ဒေါ်စုစုဝင်း အမည်ဖြင့် (၁-က) အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ငါးသိုင်းချောင်းမြို့ မြေစာရင်းဦးစီးဌာနရုံးတွင် ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမျိုးလွင် ၁၄/ရကန(နိုင်)၀၇၅၅၅၉ +**
**ဒေါ်စုစုဝင်း ၁၄/ရကန(နိုင်)၀၀၉၈၁၁**
**လမ်းမတော်လမ်း၊ မြို့မရပ်ကွက်၊**
**ငါးသိုင်းချောင်းမြို့**

## အသိပေးကြော်ငြာခြင်း

လားရှိုးခရိုင်အတွင်း မြို့မြေ၊ ရွာမြေများတွင် လူနေထိုင်ရန်နှင့် စက်မှု/စီးပွားလုပ်ကိုင်နိုင်ရန်အတွက် မြေငှားဂရန် လျှောက်ထားလာမှုများအပေါ် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲများစိစစ်ဆောင်ရွက်လျက်ရှိပါသည်။ သို့သော် အောက်ဖော်ပြပါ အမှုတွဲများသည် မမျှော်လင့်သော သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီး၊ ပျောက်ဆုံးမှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီးဖြစ်ရာအဆိုပါ ပျောက်ဆုံးပျက်စီးခဲ့သော မြေငှားဂရန်များအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် မြေငှားဂရန်လာရောက် လျှောက်ထားသူကိုယ်တိုင် သတင်းစာပါသည့်ရက်မှ ရက်ပေါင်း (၆၀) အတွင်း ဤရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်လာခြင်းမရှိပါက ၎င်းမြေငှားဂရန်အမှုတွဲများနှင့် ပတ်သက်၍ တာဝန်ယူဆောင်ရွက်ပေးမည် မဟုတ်ကြောင်း အသိပေးကြေညာပါသည်-

| စဉ် | လျှောက်ထားသူ | အကွက်အမှတ် | ဦးပိုင် |
|---|---|---|---|
| ၁ | ဦးမင်းထက်လင်း | ချယ်ရီမြိုင်စီမံကိန်း | P-3+4A |
| ၂ | ဦးထွန်းဇော်ဦး | ဟော်လေးလုံးကွက် | ၂၇ |
| ၃ | ဦးအောင်အောင် | ထင်းရှူးမြိုင်တိုးချဲ့ | ထ/ဘီ-၉ |
| ၄ | ဦးဆန်းမော် | ထင်းရှူးမြိုင်တိုးချဲ့ | ထ/စီ-၂ |
| ၅ | ဒေါ်မွန်းမွန်းလှိုင် | ထင်းရှူးမြိုင်တိုးချဲ့ | ထ/စီ-၁၀ |
| ၆ | ဗိုလ်မှူးမိုးရည် | ထင်းရှူးမြိုင်တိုးချဲ့ | ထ/ဘီ-၃ |
| ၇ | ဒေါ်မြင့်မြင့်သန်း | ဟော်လေးလုံးကွက်သစ် | ၂၄ |
| ၈ | ဒေါ်ချိုပြုံး | ကျောက်တောင်ရပ် | ၁၇ |
| ၉ | ဦးသိန်းအောင် | ၃၄/စံကောင်းရပ် | ၅၀/က+ခ |
| ၁၀ | ဒေါ်ရှောက်ဝမ်း | ၃၅/စာရေးကုန်း | ၈၂/ခ |
| ၁၁ | ဒေါ်မာထု | ၃၆/စာရေးကုန်း | ၇၉/က |
| ၁၂ | ဦးကွမ်ရေဖန် | ၃၆/စာရေးကုန်း | ၈၄/က |
| ၁၃ | ဦးကျော်ထွဋ် | ၃၃/စံကောင်းရပ် | ၆၆/က |
| ၁၄ | ဦးရန်ဂျစ်ဆင်း | ၅၁/ကုလားတန်းရပ် | ၁၆/က |
| ၁၅ | ဒေါ်ခင်မြင့် | ၅၁/ကုလားတန်းရပ် | ၆၇/ခ |
| ၁၆ | ဒေါ်ရန်ရင်မေ | ၅၁/ကုလားတန်းရပ် | ၁၈၅/က⁰ |
| ၁၇ | ဦးအမ်ဒူးရာရှစ် | ၄၄/စစ်တပ်ကုန်း | ၆၂ |
| ၁၈ | ဒေါ်တင်လှ | ၅၁/ကုလားတန်းရပ် | ၃၅ |
| ၁၉ | ဦးရွှေလ+ ဒေါ်စောတင် | ၅၁/ကုလားတန်းရပ် | ၇/က |
| ၂၀ | ဦးထွန်းမြင့် | ၆၅/ခ-ကွက်သစ် | ၁၃၅ |
| ၂၁ | ဦးကျော်ကျော်လွင် | ၅၂/ဗမာရွာရပ် | ၁၈/က |
| ၂၂ | ဒေါ်သန်းသန်းဝင်း | ၄+၅ ရေကန်တောင် | ၂၁၇/က |

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ ကွင်းအမှတ် (၂၀၆၉-ခ)၊ ကျောက်ပန်းတောင်း တောင်ကွင်း၊ မြေကွက်အမှတ် (၆၄၈)၊ မြေဧရိယာ (၀ဒသမ၀၉၈) ဧကအား လူနေထိုင်အသုံးပြုရန်အတွက် မြေငှားဂရန်(အသစ်) ခွင့်ပြုထုတ်ပေးပါရန် ဒေါ်သင်းသင်းနွယ် ၉/ကပတ(နိုင်)၂၁၃၉၄၆ မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) မိတ္တူ၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူ မရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ပန်းတောင်းမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/9146 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၄၁၆၉၂,Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းခိုင် ၉/မနမ(နိုင်)၁၀၁၃၉၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြိတ်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 84W/80960,Canda CZI-125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဝင်း ၁၄/ဟသတ(နိုင်)၀၂၈၅၀၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## ရွှေတောင်မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃

| | | |
|---|---|---|
| မသဉ္ဇာအောင် | နှင့် | ဦးအောင်ကိုကိုဦး |
| (တရားလို) | | (တရားပြိုင်) |

ချင်းပြည်နယ်၊ ဂန့်ဂေါခရိုင်၊ ကန်ပက်လက်မြို့၊ ကန်ပက်လက် မြို့မရဲစခန်းနေ ဦးအောင်ကိုကိုဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မသဉ္ဇာအောင်က "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင်သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိဂီစိုး)**
**မြို့နယ်တရားသူကြီး**
**ရွှေတောင်မြို့နယ်တရားရုံး**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်း

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့၊ ကျုံခဝန်ကျေးရွာနေ စောထွန်းလွင်(ခ) မောင်စထွန်းလွင်မှာ တစ်ဦးတည်းဖြစ်ပြီး ဖခင် ဦးထွန်းလှိုင်(ခ) မောင်ထွန်းလှိုင်(ခ)ဦးမောင်ထွန်းလှိုင်မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပြီး မိခင် ဆဖူး(ခ)ဒေါ်နန်းနော်ဌေးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ လယ်ကြီးကျေးရွာအုပ်စု၊ လယ်ကြီးကျေးရွာနေ ဦးမျိုးမြင့်အောင်(ခ)ဦးမျိုးမြင့် ၉/မလန(နိုင်)၁၁၂၈၈၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမျိုးမြင့်အောင် (ခ) ဦးမျိုးမြင့်**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ် (၃၂) ရေပုန်းကွင်း၊ မြေကွက်အမှတ် (၂၅၃)၊ မြေဧရိယာ (၀ဒသမ ၀၃၄) ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၂၃၀/၁၉၉၄-၁၉၉၅ အရ ဦးမောင်မြို့အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးဘသန်းကြွယ်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၉/၂၀၂၅) ဖြင့် ဦးအောင်မြင့်သူမှ ဝယ်ယူခဲ့ပြီး (၁၆-၁၀-၂၀၂၄) ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း/သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးအောင်မြင့်သူ ၆/ကသန(နိုင်)၀၃၆၇၆၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာ-၂၊ မြေကွက်အမှတ် (၆၁)၊ အလျား x အနံ (၄၀ x ၆၀)ပေအကျယ်ရှိ ဦးထွန်းဦး အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မီမီကျော် ၁၂/သလန(နိုင်)၀၉၂၆၃၅ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇော်ဇေလတ် ၁၂/ကတတ(နိုင်)၀၂၂၁၆၆ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇာနည် (LL.B,D.B.L,D.I.P.L)** | **ဒေါ်အိအိမော်(ခ)** |
| **(စဉ်-၁၄၆၆၈)** | **အိသဉ္ဇာအောင် (LL.B,D.I.P.L)** |
| | **(စဉ်-၁၈၇၂၆)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၇၉၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ (၀ဒသမ၀၈၂) ဧကရှိ မြေကွက်အမှတ် (ပ-၁၈၅) ကို အမည်ပေါက် ဦးကြည်စိုး (ဘ)ဦးရာပိုင် ၉/ပမန(နိုင်)၁၈၉၄၉၅ မှ ဒေါ်အေးမမ (ဘ) ဦးချစ်စောလွင် ၉/အမရ(နိုင်)၀၉၉၃၀၉နှင့် မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ- ၁၄)
## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်
## ၂၀၂၅ ခုနှစ်၊ တရားမပထမ အယူခံမှု အမှတ် -၄၃၄

| | | |
|---|---|---|
| ချမ်းသာရွှေမြေဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်(၎င်း၏ကိုယ်စား ဒါရိုက်တာ ဦးသန်းထက်အောင်) | နှင့် | ဦးအေးချမ်းမောင်မောင် |
| (အယူခံတရားလို) | | (အယူခံတရားပြိုင်) |

၂၀၂၅ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ ဒဂုံမြို့သစ်ခရိုင် တရားရုံးတော်မှ တရားမကြီးမှုအမှတ် ၁၄၇/၂၀၂၃ အမှုတွင် ချမှတ်သော အမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၃) ရပ်ကွက်၊ ကမာရွတ်ဘူတာရုံလမ်း၊ တိုက်(၆)နေ အယူခံတရားပြိုင် ဦးအေးချမ်းမောင်မောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ဒဂုံမြို့သစ်ခရိုင် တရားရုံးတော်မှ ချမှတ်သည့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၅ ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး၊**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ မြေကွက်အမှတ် (၁၂၇)၊ မြေကွက်တည်နေရာအမှတ် (၁၂၇)၊ ရတနာသုခ(၁)လမ်း၊ (၄၆) ရပ်ကွက်၊ ဒဂုံမြောက်၊ (ဒေါ်အုန်းကြည် CD-၀၅၃၈၇၆) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်အုန်းကြည်(မိခင်)နှင့် ဦးတင်ရွှေ (ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ၎င်းမိဘများမှ မွေးဖွားသည့် သားသမီးများဖြစ်ကြသည့် ဦးအောင်ခင် (၁၂/မဂတ(နိုင်)၀၁၃၈၁၉၃)၊ ဦးဇော်လင်း (၁၂/မဂတ(နိုင်)၀၅၀၈၄၆)၊ ဒေါ်သီတာ (၁၂/မဂတ(နိုင်)၀၅၀၈၃၃၊ ဦးထွန်းထွန်း (၁၂/မဂတ(နိုင်)၀၆၄၀၁၄၊ ဒေါ်နီလာ (၁၂/မဂတ(နိုင်)၀၆၄၀၀၄) တို့မှ သားသမီးများတော်စပ်ကြောင်း၊ မိမိတို့မောင်နှမ (၅) ဦးမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးများမွေးစားထားခြင်းလည်းမရှိကြောင်း၊ မိမိတို့မှာ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်သည့် အားလျော်စွာ အထက်ပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ကျန်ရစ်သူ မိမိတို့မောင်နှမ (၅)ဦးသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ မိဘများသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့ တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ မြေပြင်ကွင်းဆင်းရာ လျှောက်ထားသူတို့(၃)ဦးနေထိုင်ပြီး နှစ်ထပ်တိုက်တစ်လုံးတွင် (၁၅x၆၀) ပေ ဝယ်ယူထားသူ နေထိုင်ကာ ယခု လျှောက်ထားသူတို့မှ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအားသိရှိသဘောတူကြောင်း လက်မှတ်ရေးထိုးပေးခြင်းမရှိကြောင်း၊ မြေကွက်၏ ခြေရင်းခြမ်း (၁၅' x၆၀') အား မိမိတို့ဖခင် မကွယ်လွန်မီအချိန်က ရောင်းချခဲ့ပြီး မိမိတို့မှာ ညှိနှိုင်းဆောင်ရွက်သော်လည်း ညှိနှိုင်း၍မရသဖြင့် မိမိတို့ပိုင် မူလအကျယ်အဝန်းပေ (၄၀x၆၀) အတွင်းမှ ခွဲထွက်ရန် ပိုင်ဆိုင်ကြောင်း မြေပုံကူးခြင်း၊ အမည်ပြောင်းလျှောက်ခြင်းကိစ္စများအား တစ်ဖက်သတ်ဆောင်ရွက်ခွင့် ပြုပါရန် ဌာနဝင်စာဖြင့် အရာရှိရှေ့ လက်မှတ်ရေးထိုးတင်ပြလာပါသဖြင့် ဒေါ်နီလာ+၄ မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်သည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ် ၁ (က)၊ ကန်ကြီးကွင်း၊ ဦးပိုင်အမှတ် (၂၄၄)၊ မြေဧရိယာ (၀ဒသမ ၀၅၅) ဧကအား မြေငှားဂရန် အမှုတွဲအမှတ် ၃/၂၀၁၄-၂၀၁၅ အရ ဒေါ်ဖြူဖြူဝင်းအမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးအင်ဟိုထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၁၈/၂၀၂၃)ဖြင့် ဦးလှသန်း၊ ဦးစံမြင့်ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အသစ်) လျှောက်ထားနိုင်ရေး ဦးလှသန်း ၆/မအရ(နိုင်)၀၅၇၃၀၃၊ ဦးစံမြင့် ၆/မအရ(နိုင်)၀၄၀၇၂၂ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၄၄)၊ ထမ္မနဲကွင်း၊ မြေကွက်အမှတ် (၇၃၄+၇၅၄)၊ မြေဧရိယာ (၀ဒသမ၀၆၈) ဧကအား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၁၇-၁-၁၉၉၈) ရက်စွဲပါ စာအမှတ် ၅၄၀/၅-၄/တယက(တနင်္သာရီ)အရ အဆောက်အအုံအဖြစ်အသုံးပြုရန် ဦးစိုးသိန်း(ခ)ဦးရှမ်းဝင်းအား လ/န(၃၉)အမိန့် ချထားပေးခဲ့ပြီး ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၆၈/၂၀၁၆)ဖြင့် ဦးဇော်ဝင်း၊ ဒေါ်ရှုလွင်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အသစ်)လျှောက်ထားနိုင်ရေး ဦးဇော်ဝင်း ၆/သရခ(နိုင်)၀၃၈၀၉၃၊ ဒေါ်ရှုလွင် ၆/ပလန(နိုင်)၀၅၇၁၁၇ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## မိဘအမည်မှန်နှင့် အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် အ-ထ-က(ဖဒို) Grade-11 မှ မကေသွယ်ဦး၏ မိဘအမည်မှန်မှာ ဦးကိုလင်း ၇/ကတခ(နိုင်)၁၉၉၂၆၉+ ဒေါ်ချစ်ဝိုင်း ၇/ကတခ(နိုင်)၁၀၇၁၇၇ ဖြစ်ပြီး အမည်မှန်မှာ မကေသွယ်ဦး ဖြစ်ပါကြောင်း။

**ဦးကိုလင်း + ဒေါ်ချစ်ဝိုင်း၊**
**မကေသွယ်ဦး**

## တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မူလွန်-အုတ်ကုန်းကျောင်း၌ မူအုပ်ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဦးအေးကျော် ၉/သစန(နိုင်)၀၄၆၃၆၀၏ ဖခင်အမည် ဦးအုန်းမောင် (ခ) ဦးအုံးမောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအုန်းမောင်(ခ)ဦးအုံးမောင်**

## တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မူလွန်-အုတ်ကုန်းကျောင်း၌ ဒု-လယ်ပြရာထူးဖြင့်တာဝန်ထမ်းဆောင်နေသော ဒေါ်ခင်စောသန်း ၉/သစန(နိုင်)၁၂၂၇၇၃ ၏ ဖခင်အမည် ဦးမောင်ပု (ခ) ဦးကောက်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမောင်ပု(ခ)ဦးကောက်**

## တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အထက - သက္ကယ်ဒိတ်ကျောင်း၌ အကြီးတန်းစာရေးရာထူးဖြင့် တာဝန် ထမ်းဆောင်နေသော ဦးစည်သူမောင်၉/သစန(နိုင်)၁၃၈၅၂၄ ၏ ဖခင်အမည် ဦးကျော်လှိုင်(ခ) ဦးဖြူတုံးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်လှိုင်(ခ)ဦးဖြူတုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/1399 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခွေါလ်ရှမ်မွောင် (၄/ဟခန(နိုင်)၀၄၁၄၆၇) က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ချင်းပြည်နယ်ရုံး**
**(ဟားခါး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/58812, Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းထိုက် ၉/ညဥန(နိုင်)၁၅၈၉၉၆၆ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်73W/64495, Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာဝင်း ၂/လကန(နိုင်)၀၆၁၃၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ -၂၀)
## ပုဗ္ဗသီရိမြို့နယ်တရားရုံး၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၆

ဦးပြည့်စုံကံ(ဘ)ဦးကံမြင့်သန်း **နှင့်** ၁။ ဦးအောင်မိုးဟန် (ဘ)ဦးခင်မောင်ဝင်း
၂။ ဦးတင်ရွှေဘ(ဘ)ဦးဘသီ

**တရားလို** **တရားပြိုင်များ**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ အမှတ်(၂၆၅၈)နေ (၂)တရားပြိုင် ဦးတင်ရွှေဘ (ဘ) ဦးဘသီ (ယခုနေရပ်လိပ်စာမသိ) သူ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးပြည့်စုံကံ က အိမ်ခြံမြေမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင်အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် ၎င်းအပြင် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပေးပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်တွင် တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေမာအောင်)**
**မြို့နယ်တရားသူကြီး**
**ပုဗ္ဗသီရိမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မြိတ်မြို့နယ်တရားရုံး၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၆

၁။ ဦးဝင်းလှိုင်(၎င်း၏အခွင့်ရ ကိုယ်စားလှယ်ဒေါ်တီစိုး) **နှင့်** ၁။ ဒေါ်မြစီ
၂။ ဒေါ်စိုးစိုးရီ ၂။ ဒေါ်အင်မူ
၃။ ဒေါ်ဝင်းမာ
၄။ ဦးခင်မောင်လတ်
၅။ ဒေါ်သူသူအေး

**(တရားလိုများ)** **(တရားပြိုင်များ)**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ နောက်လယ်ရပ်၊ (၃)လမ်းနေ(၁)တရားပြိုင် ဒေါ်မြစီ၊ ကန်ဖျားရပ်၊ ရဲသိပ္ပံလမ်းနေ (၂)တရားပြိုင်ဒေါ်အင်မူ၊ ပါရမီရပ်၊ ပေ (၆၀)လမ်းနေ (၃)တရားပြိုင် ဒေါ်ဝင်းမာ၊ မြို့မ (၁)ရပ်၊ အမှတ်(၆)၊ အောင်မင်္ဂလာလမ်းနေ (၄)တရားပြိုင် ဦးခင်မောင်လတ်နှင့် (၅) တရားပြိုင် ဒေါ်သူသူအေး(ယခုနေရပ်လိပ်စာမသိ)သူများသိစေရမည်။

သင့်အပေါ်တွင် တရားလိုများက မြေကွက်နှင့် နေအိမ်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပ ပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း (၁၃) ရက်၊ မွန်းမတည့်မီ (၁၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်တို့ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ခန့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြိတ်မြို့နယ်တရားရုံး**

## အကြွေးဝယ်ကတ် (VISA/UPI Credit Card)အသုံးပြုပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသူများ၊ အာမခံသူများသိရှိစေရန်ကြေညာခြင်း

ကမ္ဘောဇဘဏ်လီမိတက်၏ အကြွေးဝယ်ကတ် (VISA/UPI Credit Card) တို့အား ရယူသုံးစွဲခဲ့သူများဖြစ်သော အောက်ဖော်ပြပါဇယားတွင် အမည်စာရင်းပါရှိသည့် လူပုဂ္ဂိုလ်များသည် အကြွေးဝယ်ကတ်အသုံးပြုငွေများ အတိုးနှင့်ကျသင့်သည့် အဖိုးအခများအား ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိနေသည့်အတွက် နည်းမျိုးစုံဖြင့် အကြိမ်ကြိမ်ဆက်သွယ်တောင်းခံခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ပေးဆပ်ခြင်းမရှိဘဲ ဆက်လက်ပျက်ကွက်နေပါသည်။ ထို့ကြောင့် အကြွေးဝယ်ကတ် အားသုံးစွဲခဲ့သူ အောက်ဖော်ပြပါ အမည်စာရင်းတွင် ပါရှိသည့် လူကြီးမင်းများနှင့် လူကြီးမင်းတို့ ကတ်လျှောက်ထားရာတွင် အာမခံအဖြစ် လက်မှတ်ရေးထိုး ပေးခဲ့ကြသူများအနေဖြင့် ကမ္ဘောဇဘဏ်လီမိတက်သို့ ပေးဆပ်ရန်ရှိသည့် အကြွေးဝယ်ကတ် သုံးစွဲငွေများ၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခများကို ယခုကြေညာချက်ပါရှိသည့်ရက်မှ (၁၄) ရက်အတွင်း သက်ဆိုင်ရာဘဏ်ခွဲသို့ လာရောက်ဆက်သွယ်ပေးဆပ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးဆပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် |
|---|---|---|
| ၁ | ဒေါ်သီတာခိုင် | ၅/စကန(နိုင်) ၁၅၃၉၄၂ |
| ၂ | ဦးရွှေဝင်း | ၁၂/အစန(နိုင်) ၀၂၀၄၅၉ |
| ၃ | ဒေါ်ယဉ်နွယ်ချော | ၁၂/ဗတထ(နိုင်) ၀၁၉၅၉၄ |
| ၄ | ဒေါ်ဝတ်ရည် | ၁၂/သဃက(နိုင်) ၁၆၁၄၀၉ |
| ၅ | ဦးမျိုးမင်းဦး | ၁၂/ဗတထ(နိုင်) ၀၃၇၁၀၃ |
| ၆ | ဦးပြည့်စုံဖြိုးဝေ | ၁၂/မဂဒ(နိုင်) ၁၄၇၀၁၆ |
| ၇ | ဒေါ်ခင်မြတ်သူ | ၁၂/ပဘတ(နိုင်) ၀၁၆၇၄၄ |
| ၈ | ဒေါ်စန်းစန်းနွယ် | ၈/ရနခ(နိုင်) ၀၉၇၈၁၉ |
| ၉ | ဒေါ်အိအိမျိုး | ၅/စကန(နိုင်)၁၉၂၄၆၁ |
| ၁၀ | ဒေါ်ခင်အေးမြင့် | ၅/ကလန(နိုင်) ၀၃၃၅၉၉ |
| ၁၁ | ဒေါ်ဆုပြည့်စုံအောင် | ၁၂/ဒဂတ(နိုင်)၀၆၅၂၄၀ |
| ၁၂ | ဦးကျော်မင်းထိုက် | ၁၂/ကတန(နိုင်) ၀၉၃၈၄၆ |
| ၁၃ | ဦးကျော်ဘိုဘိုဇော် | ၁၂/သဃက(နိုင်) ၁၇၀၇၄၀ |
| ၁၄ | ဒေါ်စိုးသိင်္ဂီအောင် | ၁၂/ဒဂတ(နိုင်)၀၀၄၄၃၈ |
| ၁၅ | ဦးလင်းထူး | ၁၃/ကမန(နိုင်) ၀၈၃၃၅၂ |
| ၁၆ | ဦးကျော်သီဟစိုး | ၁၂/လသန(နိုင်) ၀၂၀၃၉၇ |
| ၁၇ | ဦးဇေယျာဝင်း | ၁၂/ဒပန(နိုင်) ၀၀၈၄၅၈ |
| ၁၈ | ဦးဝေဖြိုးလှိုင် | ၇/ပတတ(နိုင်) ၁၀၄၉၆၄ |
| ၁၉ | ဒေါ်ဇင်ဇင်ဝင်းအောင် | ၅/ကလတ(နိုင်) ၀၇၆၁၀၆ |
| ၂၀ | ဦးL မြတ်သူ | ၁၂/လကန(နိုင်) ၁၄၄၈၆၄ |

**Legal and Compliance Function**
**ကမ္ဘောဇဘဏ်လီမိတက်**
**အမှတ်(၅၃)၊ Strand Square Office ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပတ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၃၀၇၀၉၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ခုံအမှတ်/စ-ပ-၉၇ စတုတ္ထနှစ်(ပထဝီဝင်)ဖြင့် ဖြေဆိုအောင်မြင်ထားသော မဖြူစင်သန့်၏ ဖခင် ဦးစန်းမောင်ထူး (ခ)ဦးမြင့်ထွန်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစန်းမောင်ထူး (ခ)**
**ဦးမြင့်ထွန်း**

## တွေ့ရှိက အကြောင်းကြားပေးပါရန်

(ဘ)ဦးစိုးသိန်း (ခ)သိန်းမောင်၏သား ကျွန်တော် စိုင်းဘုန်းမြတ်စိုးကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၃/တကန(နိုင်) ၃၁၅၃၂၈ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၄၀၃၀၉၂၄၇၀**

## မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့၊ အထက (၅) Grade-11 မှ မမြတ်ကေခိုင်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၉-၆-၂၀၀၇) ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

အေးသာယာမြို့၊ အထက (ခွဲ)၊ လ(၃)မှ ဒုမှူးပြ ဒေါ်မုန်း (၁၃/ဆဆန(နိုင်)၀၂၅၂၁၁) (ခ) ဒေါ်မုန်းသီတာအောင် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေး ရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၊ သရက်တောရပ်ကွက်၊ နှပ်တန်းလမ်း၊ အကွက်အမှတ် ၂၂ နှတ်တန်း၊ ဦးပိုင်အမှတ်-၆၅၊ ဧရိယာ (၀.၀၉၀/0.090)ဧကရှိ မြေကို မူလအမည်ပေါက် ဒေါ်ခင်အေးယုအမည်မှ ဦးအောင်မင်းဆွေအမည်သို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်တင်ပြကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းလဲခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေတောင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ် ၁(က)ကန်ကြီးကွင်း၊ မြေကွက်အမှတ်(၂၂၃)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကအား မြေငှားဂရန်အမှတ်တွဲအမှတ် ၁၂၄/၂၀၁၅-၂၀၁၆အရ ဦးကျော်မင်းဦး၊ ဒေါ်ကျင်ဝေ အမည်ဖြင့်ရရှိခဲ့ပြီး (၂၁-၁၀-၂၀၂၅)ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးကျော်မင်းဦး ၆/မအရ(နိုင်)၀၀၁၅၂၈၊ ဒေါ်ကျင်ဝေ ၆/မအရ(နိုင်)၀၃၉၉၅၀ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ် ၅၁/ကုလားတန်းရပ်၊ ဦးပိုင်အမှတ်(၄၀/ခ)၊ ဧရိယာ(၀.၀၈၁)ဧက၊ မြေဂရန်အမှုတွဲအမှတ် ၅၁၉-၅/၂၀၁၂-၂၀၁၃(အေ)၊ ဦးဆန်ဒီကူးမား ၁၃/လရန(နိုင်)၀၈၉၁၇၀ အမည်ပေါက် မြေငှားဂရန်အား ဦးဝင်းနိုင် ၁၃/လရန(ဧည့်)၀၀၀၆၀၄မှ စာချုပ်အမှတ် (၃၀၊/၂၀၂၄) ဖြင့် ဝယ်ယူပြီးဖြစ်သဖြင့် မြေငှားဂရန်အမည်ပြောင်းလဲ လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 61W/7664, New Zhineng-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးခိုင် ၉/တကန(နိုင်)၁၀၈၃၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လှိုင်ကော်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/37425, Honda Click-160 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်သက် ၈/ခမန(နိုင်)၂၃၃၉၅၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ကွက်သစ်(၃)၊ (၁၂)လမ်း၊ မြေကွက်အမှတ်(၁၈၇/၁၈၈)၊ အလျား x အနံ (၄၀ x ၆၀)ပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်စိမ့်စပ္ပါယ်တိုး ၁၂/ကမတ(နိုင်)၀၁၄၉၂၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးမြတ်မျိုးအေး ၁၂/ဥကမ (နိုင်) ၀၀၁၁၇၃ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B,D.B.L, D.I.P.L)**
**(စဉ်-၁၄၆၆၈)**

**ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်**
**(LL.B, D.I.P.L)**
**(စဉ်-၁၈၇၂၆)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၇၉၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၄)လမ်း၊ မြေကွက်အမှတ်(D-၁၃၈)၊ အလျား x အနံ (၄၀ x ၆၀)ပေ အကျယ်ရှိ ဒေါ်ခင်စိန် အမည်ပေါက် မြေကွက်အနက် အလျား x အနံ (၂၀ x ၆၀)ပေ (ခေါင်းရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ဝတ်ရည်ဝင်း ၁၂/လမတ(နိုင်)၀၃၃၆၄၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဂန္ဓမာရင် ၁၂/ဗဟန(နိုင်)၀၈၆၅၈၇ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B, D.B.L, D.I.P.L)**
**(စဉ်-၁၄၆၆၈)**

**ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်**
**(LL.B, D.I.P.L)**
**(စဉ်-၁၈၇၂၆)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၇၉၇၀၇၅၃၁၂**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ စာကလေးအင်း(အမက)ကျောင်းမှ ဆရာမ ဒေါ်စန်းစန်းဝင်း၏ အမည်မှန်မှာ ဒေါ်စန်းစန်းမော် ၉/အမရ(နိုင်)၀၁၈၈၅၀ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၄-၁-၁၉၇၁) ဖြစ်ပါကြောင်း။ **ဒေါ်စန်းစန်းမော် ၉/ အမရ(နိုင်) ၀၁၈၈၅၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုလက်မှု၊ မြေကွက်အမှတ် (၉)၊ ဧရိယာ(၁၁၁ပေX ၁၅၀ပေ )၊ မြေကွက်တည်နေရာအမှတ် (၉)၊ မြမာလာလမ်း၊ စက်မှုလက်မှုရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ခင်မာလှိုင် (၁၂/ရကန(နိုင်)၀၄၃၄၃၇) အမည်ပေါက်၊ နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မာလှိုင်(ဇနီး)ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးတင်စိုး(၁၂/မရက(နိုင်) ၀၆၉၆၃၀) မှ မိမိကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဒေါ်ခင်မာလှိုင်(ဇနီး)၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးအပ်ကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/7236, Sein Tun LT(ST-LT.01), P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြဇာခြည် ၁၂/ဒဂရ(နိုင်)၀၂၈၁၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/24460, Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့် ၅/စကန(နိုင်) ၀၅၆၇၀၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် P/1609, Toyota Hilux YN-106, Pickup (4X4)R , D/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၅/တဆန(နိုင်) ၀၆၉၂၇၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/57167, Traw Lergi, F/T (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံဦး ၉/မတရ(နိုင်) ၁၈၆၂၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီငွေလုံးငွေရင်း အသုံးစရိတ် (ဖြည့်စွက်)ခွင့်ပြုငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည် -

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၄.၁၂.၂၀၂၅ ရက်
**တင်ဒါပုံစံပိတ်မည့်ရက်** - ၃၀.၁၂.၂၀၂၅ ရက်၊ (၁၆:၀၀)နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-
အင်ဂျင်နီယာဌာန (လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း - ၀၆၇-၄၃၂၀၃၇၊

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

လယ်ဝေးမြို့နယ်၊ သပြေပင်ရွာနေ (ဘ)ဦးသန်းတင်၏သမီး မအေးအေးခိုင် ၉/လဝန(နိုင်)၁၄၀၃၄၄ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၈-၈-၁၉၈၅) ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုက်လတ်မြို့၊ (၂)ရပ်ကွက်၊ (၃)လမ်းနေ ဒေါ်စိုးစန္ဒာမြင့် ၁၄/ကလန(နိုင်)၁၃၁၁၃၈ ၏ ဖခင် ဦးသိန်းမြင့်(ခ)ရဟင် ၁၄/ကလန(နိုင်)၀၇၅၃၀၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသိန်းမြင့်(ခ)ရဟင်**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

Shanghai E-Tong Chemical Co.,Ltd မှ ထုတ်လုပ်ပြီး Uni Crop Co.,Ltd မှ ဖြန့်ဖြူးရောင်းချသော အောက်ဖော်ပြပါ ယခင်ထုတ်ခဲ့သော ထုတ်ကုန်အမည်မှ အောက်ဖော်ပြပါအတိုင်းပြောင်းလဲ၍ ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်-

| No | Previous Name | New Name | Active Ingredient | Registeration No. |
|---|---|---|---|---|
| 1 | Dimorph 50 WP | TT Morph 50WP | Dimethomorph 50% WP | F 2021-3178 |

သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄) ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။

**Uni Crop Co.,Ltd.09-765665462**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း၏ ထောက်ခံစာမူရင်း၊
(စ) ကျန်းမာကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ဆေးထောက်ခံချက်မူရင်း၊
(ဆ) လွန်ခဲ့သည့် တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၄)ပုံ၊
(ဇ) သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (ဝန်ထမ်းမဟုတ်သူများ)
(ဈ) စာမေးပွဲဝင်ကြေး ပေးသွင်းပြီးကြောင်း ငွေသွင်းချလန်မူရင်း၊
(ည) ဖော်ပြပါ ရာထူးနေရာတွင် ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး (၃) နှစ်တိတိ တာဝန်ထမ်းဆောင်မည်ဖြစ်ပါကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်အတွက် ပျက်ကွက်ပါက လျော်ကြေးငွေ ကျပ် (၁၀) သိန်းတိတိ ပေးလျော်မည် ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊
(ဋ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
၉။ အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်းခံရသူများ လျှောက်ထားခွင့် မရှိပါ။
၁၀။ စာမေးပွဲဝင်ကြေး ၁ဝဝဝိ/(ကျပ်တစ်ထောင်တိတိ) ကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ငွေစာရင်းအမှတ် DC-020115သို့ မကွေးတိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာမြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ငွေသွင်းချလန်ဖြင့် ပေးသွင်းရမည်။ စာမေးပွဲဝင်ကြေး ပေးသွင်းပြီးကြောင်း ချလန်မူရင်းဖြင့် လျှောက်လွှာတစ်စောင်လျှင် ၁ဝဝဝိ/ ဖြင့် ရယူနိုင်ပါသည်။
၁၁။ လျှောက်လွှာများကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်၊ နံနက်(၉:၃၀)နာရီမှ စတင်၍ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရယူနိုင်ပါသည်။
၁၂။ လျှောက်လွှာများကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ ညနေ (၁၆:၃၀)နာရီ ရုံးချိန်အတွင်းနောက်ဆုံးထား၍မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ မကွေးမြို့သို့ စာရင်းပေးသွင်းလျှောက်ထားနိုင်ပါသည်။
၁၃။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက် မပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့် မကိုက်ညီသူများကို (လုံးဝ) လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၁၄။ ရေးဖြေစာမေးပွဲ ဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာကို ထပ်မံ ကြော်ငြာမည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် အင်ဂျင်နီယာဘာသာရပ်တို့ကို တစ်ဘာသာလျှင် (၂)နာရီဖြင့် ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေ စစ်ဆေးမည်ဖြစ်၍ ၎င်းနေ့ရက်ကို ထပ်မံ ကြေညာမည်ဖြစ်ပါသည်။
၁၅။ အသေးစိတ် သိရှိလိုပါက မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-ဝ၆၃-၂ဝ၂၆၂၅၂၊ ဝ၆၃-၂ဝ၂၆၂၅၃၊ ဝ၆၃-၂ဝ၂၃၃၉၈ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ မကွေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## ဒု-ဦးစီးမှူး(စက်/လျှပ်)/(မြို့ပြ)ရာထူးနေရာများအတွက်
## ရွေးချယ်ခံရသူများ စာရင်းထုတ်ပြန်ခြင်း
## ကြော်ငြာစာအမှတ် ( ၄ / ၂၀၂၅ )
## ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၏ ၆-၈-၂၀၂၅ ရက်စွဲပါကြော်ငြာစာအမှတ်(၃/၂၀၂၅)ဖြင့် ကြော်ငြာခေါ်ယူခဲ့သည့် ဒု-ဦးစီးမှူး(စက်/လျှပ်)/(မြို့ပြ)ရာထူး ၉ နေရာအတွက် အတည်ပြုရွေးချယ်ခံရသူများ၏ ခုံအမှတ်များအား အောက်ဖော်ပြပါအတိုင်း ကြေညာလိုက်သည် -

EP -1

Civil-1, 2,3,4, 5, 6, 7, 11

၂။ ရွေးချယ်ခြင်းခံရသူများသည် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်(ဖုန်း-ဝ၆၇-၄၁ဝဝ၆၆)သို့ ၁၃-၁-၂၀၂၆ ရက် ရုံးချိန်အတွင်း လူကိုယ်တိုင် သတင်းပေးပို့ရမည်ဖြစ်သည်။ သတင်းပို့ရန်ပျက်ကွက်သူများနှင့် အကြောင်းအမျိုးမျိုးကြောင့် တာဝန်ထမ်းဆောင်ခြင်းမပြုနိုင်သူများ၏ ရာထူးနေရာများ၌ ဝန်ထမ်းရွေးချယ်ခန့်ထားရေးတန်းစီဇယားအမှတ်စဉ်အတိုင်း အစားထိုးဖြည့်စွက်ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။
၃။ အဆိုပါ ရွေးချယ်ခံရသူများ၏ခုံအမှတ်စာရင်းအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန Website www.moep.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို
## အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် -၇၈၄

ဒေါ်တင်တင်မြင့်(ခ)ဒေါ်ပြုံး **နှင့်**
၁။ ဦးငွေဝင်း
၂။ ဒေါ်တင်အေး
၃။ ဒေါ်စန္ဒာချို
၄။ ဦးစိန်ညွန့်
၅။ ဦးသိန်းအောင်

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၉ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၅၆၆ ၏ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ လ ၁၇ ရက်စွဲပါ ဒီကရီကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဝန်ထမ်းအိမ်ရာ၊အမှတ်(၃၀)၊ အခန်း(၂၀)နေ အမှတ်(၁) အယူခံတရားပြိုင် ဦးငွေဝင်း(ယခုလိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့် ဒီကရီကို အထက်အမည်ပါ အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်)နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းဇင်မင်းထက်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြော်ငြာခြင်း

မြေကွက်အမှတ်(၇၆၅)၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဦးမြအုန်း အမည်ပေါက် မြေချပါမစ်(မူရင်း)အား သမီးဖြစ်သူ ဒေါ်တင်တင်မိုး ၁၂/ကမရ(နိုင်)ဝ၂၄၃၉၃မှ ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ၎င်းအား မြေချပါမစ်(မူရင်း) ပြန်လည်ထုတ်ပေးခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဘဏ်ခွဲမန်နေဂျာ**
**မြန်မာ့စီးပွားရေးဘဏ်**
**ဘဏ်ခွဲ(၄)၊ ရန်ကုန်မြို့**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

ဦးဟိန်းမင်းစိုး ၁၂/တမန(နိုင်)၁၀၈၄၈၅ နှင့် ဒေါ်ဝတ်ရည်ခိုင် ၁၂/ဒဂတ(နိုင်)ဝ၅၁၅၄၃ တို့သည် ၂၅-၁၀-၂၀၁၆ မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပြီး ယခုအခါ စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၂၃-၁၂-၂၀၂၅ ရက်တွင် နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆို ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝတ်ရည်ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်မေမြတ် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၈၇၀)**
**အမှတ် (၁၄)၊ မလိခလမ်း၊ ၁၈/ဘီ ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း -ဝ၉-၇၈၅၈၁၂၂၁၁**

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

Zhejiang Zhongshan Chemical Industry Group Co.,Ltd မှ ထုတ်လုပ်သော အောက်ဖော်ပြပါ ပိုးသတ်ဆေးများ၏ မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းများအား Gold & Super Co.,Ltd မှ Shwe Pyaung Co.,Ltd သို့ လွှဲပြောင်းပေးခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ ကြော်ငြာပါသည့်ရက်မှစပြီး (၁၄) ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| No | Trade Name | Active Ingredient Name | Registration Type | Registration Number |
|---|---|---|---|---|
| 1 | 4D 700 SL | 2,4–D Dimethylamine salt 70% SL | Provisional Registration | P2023–6249 |

Gold & Super Co.,Ltd

ဖုန်း-၀၉-၂၅၀၄၀၆၆၁၁

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၄/မင်္ဂလာ၊ ဦးပိုင် အမှတ်(၂၇ဃ)၊ ဧရိယာ ၀ ဒသမ ၀၂၀ ဧကရှိ ဒေါ်လွင်လွင်ရီ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၀၈၂/၂၀၁၄) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးနိုင် ၁၂/ပဇတ(နိုင်)၀၂၀၃၉၃ မှ မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ်အမှတ် (၃၃/၁၉၈၁)၊ ကျမ်းကျိန် ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်မြမြသန်း (ဘ)ဦးစင့်ရင် ၉/ပမန(ဧည့်)၀၀၀၁၁၁ နှင့် မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇ၀င်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇ၀င်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်

ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ အထက(ခွဲ) ဈေးပိုင်း G(3)မှ မလင်းလက်ဖြူ ၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်အရ ဦးမောင်သန်း ၁၄/ကလန(နိုင်)၁၁၇၅၄၂ ဖြစ်ပါကြောင်း။

**ဦးမောင်သန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ချမ်းမြသာစည်မြို့နယ်နေ ဒေါ်ဝသုန် ဆိုင်းနန် ၉/အမဇ(နိုင်)၀၄၆၇၆၅ ၏ မိခင် ဒေါ်ခေါ(န်)လွန်း(မ်)နှင့် ဒေါ်ခေါ်န် လွန်းမ်သည် အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ်တွင်နေထိုင်သော မအေးမြင့် မြတ်ထွန်း နည်းပညာတက္ကသိုလ် (ဘားအံ)ပထမနှစ်(အီလက်ထရောနစ် အင်ဂျင်နီယာသင်တန်း)တက်ရောက်နေသူ၏ မိခင်အမည်မှာ နန်းနွယ်လှိုင်း(ခ)နန်းနွမ်လှိုင်း ၁၃/နခန(နိုင်)၀၆၄၈၉၉ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မရမ်းကုန်းမြို့နယ်၊ Unique Private High School Grade–10 မှ မယွန်းဝတီထက်၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းချမ်းဇော် ၁၄/ဝခမ(နိုင်)၁၉၁၅၂၃ ဖြစ်ပါကြောင်း။

**ဦးငြိမ်းချမ်းဇော်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့၊ အမှတ်(၄)ရပ်ကွက်၊ ပြည်ထောင်စုလမ်းနေ (ဘ)ဦးညီညီထွန်း၏သမီး မကြည်ဖြူဇင်(ခ) မကြည်ဖြူစင် ၃/ကဆက(နိုင်)၁၀၅၀၈၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ ဘုရားသုံးဆူမြို့၊ ဝင်းခနကျေးရွာနေ ဦးမောင်ညို၏ သမီး နော်အဲ့ဖေါဘော (ခ) နော်အဲ့ဖောဘောင်း ၃/ဘသဆ(နိုင်)၀၁၁၅၆၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ အထက(၃)ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ခင်ခင်ထွေး ၇/ဖမန(နိုင်)၀၁၂၄၆၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၁၂-၁၉၆၇ ဖြစ်ပါကြောင်း။

**ဒေါ်ခင်ခင်ထွေး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မဟာအောင်မြေမြို့နယ်နေ ဒေါ်စန်းဇာနည်ဇော် ၁/မကတ(နိုင်)၁၃၀၆၂၈ နှင့် ဒေါ်ဆန်းဇာနည်ဇော်(ခ)စန်းဇာနည်ဇော်သည် အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ပါကြောင်း။

### CNG (ကတ်အနီ) ပျောက်ဆုံးသွား၍ တွေ့ရှိပါက အကြောင်းကြားပေးရန် ကြေညာခြင်း

ဦးအောင်မျိုးခိုင် ၁၂/ကတတ(နိုင်)၀၂၆၁၅၀ ပိုင်ဆိုင်သော (FF–5029) CNG ကတ်အနီ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကြေညာအပ်ပါသည်။ **ဖုန်း-၀၉-၈၈၁၁၃၃၉၉၀**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/9434 Honda CRV RD5, Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူမာ ၁၂/ပဘတ(နိုင်)၀၂၉၀၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

### ဒီကရီကိုအတည်မပြုသင့်ကြောင်း အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၂၁ ၊ နည်းဥပဒေ -၂၂)**
**ပျဉ်းမနားခရိုင်တရားရုံးတော်**
**၂၀၂၂ ခုနှစ် ၊ တရားမကြီးမှုအမှတ် ၃၀၉ နှင့် ဆက်နွှယ်သည့်**
**၂၀၂၅ ခုနှစ် ၊ တရားမဇာရီမှုအမှတ် - ၇**

| | | |
|---|---|---|
| နေပြည်တော်ဖွံ့ဖြိုးရေး ဘဏ်လီမိတက် (ဇမ္ဗူသီရိဘဏ်ခွဲ) (၎င်းကိုယ်စား ဒုတိယ- ကြီးကြပ်ရေးမှူး ဦးအောင်ကျော်ဇေ) | **နှင့်** | ၁။ သိဃ်ခနေဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (၎င်းကိုယ်စားမန်နေဂျင်းဒါရိုက်တာ ဦးလင်းထက်)<br>၂။ ဦးလင်းထက်(မန်နေဂျင်း ဒါရိုက်တာ)<br>၃။ ဒေါ်ယမင်းသူ(ဒါရိုက်တာ) |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

၁။ သိဃ်ခနေဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (၎င်းကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးလင်းထက်)၊ ၂။ဦးလင်းထက်(မန်နေဂျင်းဒါရိုက်တာ)၊ ၃။ ဒေါ်ယမင်းသူ (ဒါရိုက်တာ)၊ အမှတ်(၃၂)၊ ဗဟိုလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၀၉ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ် လီမိတက် (ဇမ္ဗူသီရိဘဏ်ခွဲ) (၎င်းကိုယ်စား ဒုတိယကြီးကြပ်ရေးမှူး ဦးအောင်ကျော်ဇေ) (ဒီကရီအနိုင်ရသူ) က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၁၃ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်မျိုးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပျဉ်းမနားခရိုင်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/83883 Yamaha R 150 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထိုက်ကျော် ၉/မထလ(နိုင်)၂၆၄၄၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

### ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀ )**
**ပျဉ်းမနားခရိုင်တရားရုံးတော်၌**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်–၆၆**

| | | |
|---|---|---|
| ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (၎င်းကိုယ်စား မန်နေဂျာ ဒေါ်ငွေယုလှိုင်) | **နှင့်** | ၁။ ရွှေဆမီးမဏ္ဍိုင်ကုမ္ပဏီ လီမိတက်<br>၂။ ဦးတင်ထွန်း<br>၃။ ဦးမြင့်သန်းနိုင် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့၊ အမှတ်(၁)ရပ်ကွက်နေ (၁) တရားပြိုင် ရွှေဆမီးမဏ္ဍိုင်ကုမ္ပဏီလီမိတက်၊ (၂) တရားပြိုင် ဦးတင်ထွန်း၊ (၃) တရားပြိုင် ဦးမြင့်သန်းနိုင် (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ချေးငွေအရင်းနှင့်အတိုးငွေရလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၁၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်မျိုးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပျဉ်းမနားခရိုင်တရားရုံး**

### ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀ )**
**ပျဉ်းမနားခရိုင်တရားရုံးတော်၌**
**၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ် – ၅၇**

| | | |
|---|---|---|
| ကျေးလက်ဖွံ့ဖြိုးရေးဘဏ် လီမိတက် (၎င်းကိုယ်စား အထွေထွေမန်နေဂျာ ဒေါ်သက်ထားဇေ) | **နှင့်** | ၁။ TPCT ကုမ္ပဏီလီမိတက်<br>၂။ ဦးထန်ခန့်ထွန်း<br>၃။ ဦးဆုမ်းဗန်းပြောင်(ခ) ဆုန်ဗန်းပြောင် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ အန်းလန်ကျေးရွာအုပ်စု၊ အန်းလန်ကျေးရွာနေ (၁) တရားပြိုင် TPCT ကုမ္ပဏီလီမိတက်၊ (၂) တရားပြိုင် ဦးထန်ခန့်ထွန်း၊ (၃) တရားပြိုင် ဦးဆုမ်းဗန်းပြောင်(ခ)ဆုန်ဗန်းပြောင် (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ချေးငွေအရင်းနှင့်အတိုးငွေရလိုမှု" နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၁၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်မျိုးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပျဉ်းမနားခရိုင်တရားရုံး**

### အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ နွားတော်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် (၁၅၁၅)၊ ဦးပိုင်အမှတ် (၁၀၁/က)၊ ဧရိယာ ၂ ဒသမ ၁၉ ဧက အကျယ်အဝန်းရှိ ဦးသိန်းထွန်း အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိထားသော ယာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံနှင့်တကွ ဆက်လက်လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိ လက်ရောက်ပိုင်ဆိုင်အသုံးပြုလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲ ပိုင်ခွင့်အပြည့်အဝရှိသူဟု အဆိုပြုသူ ဦးသိန်းထွန်း (ဘ) ဦးကံတင်(ခ) ဦးတင်အောင် ၉/တတဥ(နိုင်)၁၀၆၆၇၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်နှင်းအိအိခိုင် (ဘ)ဦးစိုးသိန်း ၁၂/ဒလန(နိုင်)၀၅၀၆၉၁ နှင့် ဒေါ်နှင်းအိဖြူ (ဘ) ဦးအောင်မြတ် ၉/ခအဇ(နိုင်)၀၃၄၉၅၄ တို့က ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်း၊ အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်မင်းဦး (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၂၇၄/၁၃-၁၀-၂၀၂၂)**
**၃၅x၃၆လမ်းကြား၊ ၅၉x၆၀လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၃၂၃၂၃၊ ၀၉-၇၈၉၁၂၄၅၈**

### ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)**
**မဟာအောင်မြေခရိုင်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၃၆၄**

| | | |
|---|---|---|
| ၁။ ဒေါ်လွင်မာမိုးထွန်း<br>၂။ ဦးနိုင်လင်းဖြိုး | **နှင့်** | ဦးရေဒဝမ်တီး |
| **တရားလိုများ** | | **တရားပြိုင်** |

ဦးရေဒဝမ်တီး(ဘ)ဦးရေဝဒမ်ဒီး (၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ ဦးအောင်ထွန်းဦး(ဘ) ဦးလှဒင်) ၅၅ လမ်းx၅၆ လမ်းကြား၊ ၁၃၈ လမ်း၊ ဦးပိုင် (၂၁၃)၊ (ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၈ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၆ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီ အတွင်အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာ ရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မျိုး)
ဒုတိယခရိုင်တရားသူကြီး( ၆ )
မဟာအောင်မြေခရိုင်တရားရုံး

### ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉) ရပ်ကွက်၊ ရတနာပုံ (၄) လမ်း၊ အမှတ်(၈၁၁/ခ)ဟုခေါ်တွင်သော (၁)ခန်းတည်း (၃) ထပ်ခွဲတိုက်၏ မြေညီထပ်၊ အကျယ်အဝန်းပေ(၁၈x၅၅)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို ကန်ထရိုက်တာထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်ပွင့်ဖြူသီ ၁၂/ကမရ(နိုင်)၀၁၁၃၆၈ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယမင်းပပကျော် ၁၂/ဥကတ(နိုင်)၁၈၀၀၈၉ က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် – ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေ မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း– ၀၉-၅၁၈၃၅၆၉၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မလ္လကုန်းလမ်း၊ အမှတ် (၂၇) ဟုခေါ်တွင်သော (၂) ခန်းတွဲ (၇) ထပ်တိုက်၏ ၆-လွှာ/အေ (တိုက်ရှေ့မျက်နှာမူလျှင် ယာဘက်)၊ အကျယ်အဝန်းပေ (၁၅x၆၀)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်ချစ်စန္ဒာဝင်း ၁၂/သဃက(နိုင်)၀၃၅၀၁၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစောဝင်းလှိုင် ၁၁/မဥန(နိုင်)၀၆၇၁၀၉ က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် ရောင်းဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်း အရောင်းအဝယ်အားဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် – ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း– ၀၉-၅၁၈၃၅၆၉၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်/ရှေ့ ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် (၈၈)ဟု ခေါ်တွင်သော (၂) ခန်းတွဲ (၈) ထပ်တိုက်၏ ၃-လွှာ(ဒုတိယထပ်)၊ တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်၊ အကျယ် အဝန်းပေ (၁၇x၆၀) ရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဦးဇော်သန်းထိုက် ၁၀/သဖရ(နိုင်)၀၇၈၄၉၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးဇော်လင်းထိုက် ၁၀/လမန(နိုင်)၀၁၈၈၀၇ နှင့် ဒေါ်စန္ဒာမွန် ၁၀/လမန(နိုင်)၀၂၉၉၁၁ တို့က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် – ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၈၃၅၆၉၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## ဘုရား၊ ကျောင်း၊ စေတီ ဒါယကာကြီး
## ဦးကျော်ခိုင်ဝင်း
### ဆေးတက္ကသိုလ်(၂)
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီး၊ အောင်မင်္ဂလာ(၂)လမ်းနေ အကြားအမြင်ဆရာမ ဒေါ်ကလျာမေဦး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းဆက်ဝေယံ Grade-12, အထက-၂၊ ဗိုလ်တထောင်၏ဖခင်၊ ဒေါ်အေးအေးမွန်၊ ဒေါ်အိအိထွေး(AA Medical Products Ltd), ဦးဟန်ဝင်းသိန်း၊ မစုစုသင်းတို့၏ အစ်ကို၊ မောင်ဆက်ပိုင်ထူး၊ မောင်ကောင်းထက်လင်း Grade-10, အထက-၂၊ဗိုလ်တထောင်တို့၏ဦးလေးဖြစ်သူသည် မြောက်ဥက္ကလာပ မေဓါဝီဆေးရုံတွင် ၂၂-၁၂-၂၀၂၅ ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၄-၁၂-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၂-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ မင်္ဂလာဒုံ၊ သဃ်န်းကျွန်းကြီး၊ အောင်မင်္ဂလာ ၂ လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးငြိမ်းချမ်း(ခ)ဒယ်ဒယ်ကြီး
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၄၃)၊ ကျွန်းတောကျောင်းလမ်းနေ (ဦးမျိုးမြင့်-ဒေါ်ခင်မာမာ)တို့၏ အငယ်ဆုံးသား၊ (ဦးကိုကိုနိုင်)-ဒေါ်ခင်မြဦး၊ ဒေါ်မို့မို့ဟန်(ခေတ္တ-USA)၊ ဦးတင်မျိုးဆွေ-ဒေါ်မြနီလာညွန့်တို့၏ ချစ်လှစွာသော မောင်အငယ်ဆုံး၊ ဒေါ်လဲ့မာညို၏ ချစ်လှစွာသော ခင်ပွန်း၊ မသိမ့်သဉ္ဇာမျိုးသွင်၊ မောင်ဘုဏ်းနေထက်(အထက-၄၊အလုံ)တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီးသည် ၂၂-၁၂-၂၀၂၅ ရက် (တနင်္လာနေ့)မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၄-၁၂-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၂-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါသဖြင့် ကျန်ရစ်သူမိသားစုမှ ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာထုတ်ဆင့်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကွမ်းခြံရပ်ကွက်၊ အကွက်အမှတ် (၈၂ အေ)၊ ကွမ်းခြံဖျားကွင်း၊ ဦးပိုင်အမှတ် (၁၃)၊ မြေကွက်အမှတ် (၉၆)၊ ဧရိယာ (၀ဒသမ၀၂၆)ဧကရှိ ဒေါ်တင်ကြည် အမည်ပေါက်မှ ဒေါ်သန္တာလှိုင် ၁၂/တတန(နိုင်)၁၇၂၇၆၄ အမည်သို့ပြောင်းလဲသွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူတို့မှ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း တွံတေးမြို့နယ်မြေစာရင်းဦးစီးဌာနရုံးတွင် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက် မှုတစ်စုံတစ်ရာ မရှိပါက အမည်ပြောင်းလဲခြင်း လုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ တွံတေးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ နန္ဒဝန်လမ်း၊ တိုက်အမှတ်(၁၀၀)၊ အခန်းအမှတ်(B-1)မြေညီထပ်ဟုခေါ်တွင်သော ရေမီးစုံ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ် အဆက်စပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပြီး တရားဝင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ ဒေါ်နှင်းသီတာလှိုင် (၁၂/ဥကမ(နိုင်)၀၆၇၉၀၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၂၃-၁၂-၂၀၂၅)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေး ကတိစာချုပ်ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူသွယ်ယု(LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၀၂)**
**ဖုန်း-၀၉-၇၇၅၆၈၁၁၇၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁) ရပ်ကွက်၊ ဇေယျာသီရိ(၆)လမ်း၊ မြေကွက်အမှတ် (၆၁၂)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဒေါ်ခိုင်ခိုင်စန်း(ခ)မခွေး(ခ) မအဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်ဖြင့် မှတ်သားတည်ရှိသော မြေ၊ ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်နှင့်ဆက်စပ်သော အကျိုးခံစားခွင့်များအားလုံးကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇) ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ခိုင်နွဲ့တင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၃၇၇)**
**Ph.D Candidate in UY, MRes,LLM, LL.B,DBL. DIPL**
**အမှတ် (၇၀)၊ မာလာမြိုင် ၆လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်**
**ဖုန်း-၀၉- ၄၂၁၀၅၄၇၇၆၊ ၀၉- ၉၄၀၆၃၇၀၀၀**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## လိဘစ်အိန်း (ခ) ဒေါ်ခင်အေးမြင့်
### ဒေါင့်ကြီး၊ ဟသ်ာတ
### အသက်(၉၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၂၃)လမ်း၊ အမှတ်(၁၃၈)၊(၃)လွှာနေ (ဦးလူဟိုး)၏ဇနီး၊ ဒေါ်ခင်မိုးသိန်း-(ဦးဟုတ်ကြည်)၊ ဒေါ်သန်းသန်းမြင့်- ဦးအောင်ဝင်း၊ ဒေါ်စိုးစိုးသိန်း-(ဦးမျိုးတင့်)၊ ဦးအေးလွင်-ဒေါ်သန်းသန်းဌေးတို့၏ မိခင်၊ မြေးရှစ်ယောက်၏ အဘွားသည် ၂၂-၁၂-၂၀၂၅ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၄-၁၂-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး
## ဦးမောင်သိန်း(ဆောက်လုပ်ရေး-ငြိမ်း)
### အသက်(၈၄)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်စိုးသိန်း-ဒေါ်ဥမ္မာမြင့်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်ဒါယကာကြီး ဦးမောင်သိန်း (ဆောက်လုပ်ရေး-ငြိမ်း) အသက်(၈၄)နှစ်သည် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးဝန်ထမ်းများ**
**လမ်းဦးစီးဌာန**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ကျွဲခြံကျေးရွာအုပ်စု၊ ထနောင်းကိုင်းစံပြကျေးရွာနေ မနှင်းပပအောင် နှင့် အထက(ခွဲ)ကျွဲခြံ၊ Grade-9မှ မဆုဆုအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးစန်းမင်းအောင် ၉/ပသက(နိုင်)၀၇၄၉၅၃ ဖြစ်ပါကြောင်း။

**ဦးစန်းမင်းအောင်**
**၉/ပသက (နိုင်) ၀၇၄၉၅၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ မြင့်မိုရ်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-11 မှ မဝါဝါလှိုင်၏ဖခင်မှာ ဦးအုန်းရှောင် ၅/ကဘလ(နိုင်) ၀၂၁၉၉၀ (ခ)ဦးဟန်ငြိမ်း မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၇၂၅၀၀, Yamaha Ray-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွန်နယ်တလွဲ ၅/ကလထ(နိုင်)၂၀၇၄၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး၊ကလေးမြို့**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/22020, Yamaha FZH-150,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ကြီး ၁၄/ပသန(နိုင်)၀၀၂၃၈၆ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

(ဘ)ဦးမောင်ဝင်း၏သား မောင်ဇင်ဝင်းမောင် (၁၀/ ပမန(နိုင်)၁၇၆၃၈၆) နှင့်(ဘ)ဦးစိုးဝင်း၏သမီး မထက်ထက်မိုးလွင် (၁၀/ပမန(နိုင်)၂၂၇၁၁၃) တို့သည် (၁၀-၁၂-၂၀၂၅) ရက်တွင် သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မထက်ထက်မိုးလွင်**
**၁၀/ပမန(နိုင်)၂၂၇၁၁၃**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်ုပ်မိတ်ဆွေ ဦးသော်ဇင်သိန်း(ဘ)ဦးမြသိန်း (၁၂/ စခန(နိုင်)၀၀၀၇၄၆၅) ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးသော်ဇင်သိန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၁၄)နှင့် ပတ်သက်သည့် ကိစ္စရပ်များအား ဆောင်ရွက်ရန် Advocate & Notary Public ဦးစန်းမောင် ရှေ့မှောက်တွင် (၃၁-၇-၂၀၁၂)ရက်၌ (၁)ဦးကျော်တင့်(ဘ)ဦးမာကြီး(၁၂/လမန(နိုင်)၀၃၀၂၄၁)နှင့်(၂)ဦးမိုဟာမက်အရွတ်(အက်စ်စီဂျီ-၀၀၉၄၈)တို့ နှစ်ဦးအား အထူးကိုယ်စားလှယ်လွှဲပေးခဲ့ပါသည်။

ယခုအခါ ဦးမိုဟာမက်အရွတ်(အက်စ်စီဂျီ-၀၀၉၄၈)သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ကွယ်လွန်ခဲ့ပြီးဖြစ်သည်ဟု ညွှန်ကြားချက်အရ သိရှိရပါသည်။ ထို့ကြောင့် ဦးကျော်တင့်(ဘ)ဦးမာကြီး(၁၂/ လမန(နိုင်) ၀၃၀၂၄၁)အား ကျွန်ုပ်မိတ်ဆွေ ဦးသော်ဇင်သိန်းမှ လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာကို ဤကြေညာပါသည့်ရက်မှစ၍ တရားဝင်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသော်ဇင်သိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညိမ်းညိမ်းမြင့်(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၂၈၄၂)**
**အမှတ် ၁၂၊ သုခမိန်လမ်း၊ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၅၁၈၂၃၉၅၊ ၀၉-၇၈၇၈၇၈၁၀၃**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ အုတ်တံတိုင်း ဒါယကာကြီး
## ဦးဝိမလ(ခ)ဦးလှဘုန်း
### ကြီးကြပ်ရေးမှူးစက်/ယာဉ် YCDC (ငြိမ်း)
### သက်တော် (၇၀)၊ သိက္ခာတော် (၃)ဝါ

ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာ၊ ရွာဦးဘုန်းကြီးကျောင်း၊ ကျောင်းထိုင်ဆရာတော် ဦးဝဏ္ဏသီရိအား အမှူးထား၍ (ဦးသိန်းနိုင်-ဒေါ်ခင်ရွှေ)တို့၏သား၊ ဒေါ်သန်းသန်းဝင်း၏ခင်ပွန်း၊ ဦးစည်သူဝင်း-ဒေါ်ဝင့်ကြည်ပြာ၊ ဦးလင်းနိုင်ဝင်း တို့၏ဖခင်၊ မပန်မြတ်နိုး၏ အဘိုးသည် ၂၀-၁၂-၂၀၂၅ ရက် (စနေနေ့) ည ၇ နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့် ၂၂-၁၂-၂၀၂၅ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာ သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ဦးဝိမလနာမကျန်းဖြစ်စဉ် တာဝန်ယူစောင့်ရှောက်ပေးပါသော ကျောင်းထိုင်ဆရာတော် ဦးဝဏ္ဏသီရိနှင့် အရှင်ပါနိုတ ကျောင်းရှိသံဃာများအား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၈)၊ လူနေရပ်ကွက်အမှတ်(၁၅၈)၊ မြေကွက်အမှတ်(၄၃၁)၊ မြေအကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဦးခင်မောင်ညိုအမည်ပေါက် ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (မြေကွက်အမှတ် (၄၃၂)နှင့် ကပ်လျက်ဘက်အခြမ်း) မြေအကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိပါမစ်မြေကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို** ယခုရောင်းချသူ ဒေါ်ချစ်ဖြိုးလွင် (၁၂/သကတ(နိုင်) ၀၇၉၃၄၃)မှ မိမိသာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့် အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖွန်မေဒေး LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၁၀)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၂၄၄၃၁၆**

## ကိတ္တိမသမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ပုတိမ်စုကျေးရွာအုပ်စု၊ ပုတိမ်စုကျေးရွာနေ ဒေါ်သီသီထွေး ၈/ဆဖန(နိုင်) ၀၀၂၈၅၆၏ ကိတ္တိမသမီး မစုစုဝေ ၇/လပတ(နိုင်)၁၂၆၃၂၇ သည် အုပ်ထိန်းသူ၏ဆိုဆုံးမမှုကို မလိုက်နာဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိခင်ဖြစ်သူအပေါ်တွင်လည်း လုံးဝကျေညီစောင့်ရှောက်ခြင်းမရှိပါသဖြင့် ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောင်တွင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်သီသီထွေး ၈/ဆဖန(နိုင်) ၀၀၂၈၅၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ ဗိုလ်ဂါမဏိလမ်း၊ မြေကွက်အမှတ်( ၅၆၉ )၊ ဒေါ်ရှီလာ(ခ)ဒေါ်စိန်လှ ( M / RGN-၀၀၀၈၁၆ )အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အနက်မှ ( မြေကွက်အမှတ်(၅၇၂)နှင့် ကပ်လျှက်ရှိသည့်)အကျယ်အဝန်း(၂၈ပေ× ၆၀ပေ)ရှိ မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးမျိုးလွင် (၁၂/ သခန(နိုင်) ၀၅၅၀၂၀) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးထိန်လင်းသန်း**
**LL.B, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)**

**ဒေါ်ပြည့်ပြည့်ဖြိုး**
**LL.B, D.B.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)**

**ဖုန်း:- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ စီဂျီ၊ မြေကွက်အမှတ် ၁၀၆၃၊ ဧရိယာ (၈၀၀) စတုရန်းပေ မြေကွက်တည်နေရာအမှတ် (၂၃)၊ ဓမ္မပါလလမ်း ၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးလှမြင့် (၁၂/ဗဟန(နိုင်) ၀၇၆၇၄၅) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား ဦးလှမြင့် (၁၂/ဗဟန(နိုင်) ၀၇၆၇၄၅)မှ ၂၀၀၀ ပြည့်နှစ်တွင် ထုတ်ယူခဲ့သော ဘဏ်ချေးမြေပုံမူရင်းမှာ ခြကိုက်ပျက်စီးသွားခဲ့ခြင်းဖြစ်ပါကြောင်း လသာမြို့နယ်တရားရုံး မှတ်ပုံတင်အမှတ် ၃၀၉၀/၂၀၂၅ (၁၁-၁၀-၂၀၂၅)ရက် ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာရှိ ရောင်းချသူ အဆိုပြုမြေအမျိုးအစား (ခြံမြေ)၊ ကွင်းအမှတ်(၅၂၄)၊ ဦးပိုင်အမှတ် (၂၉)၊ မြေကွက်အမှတ်(A-10)တွင် ခွဲစိတ်ထားသော အကျယ်အဝန်း (၃၈ ပေ x ၆၀ ပေ)မြေအား လက်ဝယ်ထားရှိပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်အောင် ၁၂/မဂဒ(နိုင်) ၀၄၁၄၅၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးထွန်းဦး ၁၂/မဂတ(နိုင်)၀၂၃၆၉၅ ကအပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၀) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်အောင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၁၈)**
**အမှတ်(၃၄)၊ မြေညီ၊ (၁၆၅)လမ်း၊ တာမွေမြို့နယ်၊ ဖုန်း-၀၉-၅၁၆၃၈၃၇၊ ၀၉-၄၄၈၀၀၁၈၈၆**

## ပျောက်ဆုံးကြောင်း

နော်နိုင်းနိုင်း (ဘ) စောဖီလေးမို ၁၄/ငဆန(နိုင်) ၀၀၄၇၁၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MG-911740)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၉၆၁၈၁၇၊**
**၀၉-၅၁၉၆၇၇၈**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/63098 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/65972, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးစန်း ၈/ပဖန(နိုင်)၀၈၁၂၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၂-၂၀၂၅ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၉) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် ဒေါ်ဖြိုးဝေမြင့် အစား ဦးဖြိုးဝေမြင့် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

- ❖ တပ်မတော်ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည့် အဖွဲ့အစည်းဖြစ်ပြီး အဆင့်အလိုက်တာဝန်ထမ်းဆောင်နေကြသူများအားလုံးက ကာကွယ်ရေးအမြင်များရှိရန်လို ...
- ❖ တပ်မတော်သားများဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန် ဆောင်ရွက်ပြီး အမြဲ Combat Ready ဖြစ်စေရေး ဆောင်ရွက်နေရန်လို ...

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကိုကိုးကျွန်း တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

- ❖ နိုင်ငံတော်ရေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



# ပြင်ဦးလွင် ပန်းပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာလည်ပတ်သူများဖြင့် စည်ကားများပြား

ပြင်ဦးလွင် ဒီဇင်ဘာ ၂၃

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် ပန်းပွဲတော်ကို ဒီဇင်ဘာ ၆ ရက်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဂီတအနုပညာ တင်ဆက်မှုများဖြင့် စတင်ဖွင့်လှစ်ခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာလည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ ယခုကျင်းပသည့် ပန်းပွဲတော်ကို Immersive Flowers Festival ဟု အမည်ပေးထားပြီး ပန်းပြကွက်များကို မြင်ကွင်းကျယ် ပန်းခင်းများအဖြစ် ပုံဖော်ဖန်တီးထားသဖြင့် ရောင်စုံပန်းခင်းများနှင့် တစ်သားတည်းကြည့်ရှုခံစား လည်ပတ်နိုင်မည်ဖြစ်သည်။ ထို့ပြင် အရောင်အသွေးစုံလင်သည့် ပြည်တွင်း၊ ပြည်ပမှ နွေ၊ မိုး၊ ဆောင်း ရာသီပန်းမျိုးစိတ် ၄၀ ခန့်ဖြင့် ပန်းပင်အရေအတွက် နှစ်သိန်းကျော်ကိုလည်း ပုံဖော်စိုက်ပျိုးပြသထားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❍

ယနေ့ သတင်းအညွှန်း

**Trump-class တိုက်ခိုက်ရေးစစ်သင်္ဘောများ တည်ဆောက်မည့် အစီအစဉ်ကို ဒေါ်နယ်ထရမ့် ထုတ်ဖော်ပြောကြား** နိုင်ငံတကာသတင်း စာ ၁၉



**KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၉၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ မြဝတီမြို့နှင့် အနီးတစ်ဝိုက်ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်း** ပြည်တွင်းသတင်း စာ ၁၅

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်



ရန်ကုန် ဒီဇင်ဘာ ၂၃

ကျန်းမာရေး ဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ နိုင်ငံတကာအဆင့်မီ ခုနစ်ထပ်ဆောင်သစ် သွေးရောဂါအထူးကုဌာန ခြင်ဆီအစားထိုးဌာန (Bone Marrow Transplant Center) တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း၌ သွေးပြန်ရေကျိတ်ကင်ဆာ လူနာနှစ်ဦးကို ခြင်ဆီအစားထိုးကုသခြင်း (Bone Marrow Transplant) ကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ရာ ကျန်းမာရေး ကောင်းမွန်သဖြင့် ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိပြီးဖြစ်ကြောင်းသိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ❖




## နာပိုလီက ဘိုလော့ဂ်နာကို ဂိုးပြတ်နိုင်ပြီး တတိယမြောက် စူပါဖလားဆွတ်ခူး

အီတလီစူပါဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဒီဇင်ဘာ ၂၃ ရက် နံနက် ၁ နာရီခွဲက ဆော်ဒီအာရေဗျ နိုင်ငံ ရီယာ့ဒ်မြို့ရှိ Al-Awwal Park ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် နာပိုလီနှင့် ဘိုလော့ဂ်နာအသင်းပွဲစဉ်တွင် နာပိုလီအသင်းက ဒေးဗစ်နီရက်စ်သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ် အနိုင်ရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✪